


စိတ်ကူးချိုချိုစာစဉ်

SAMPLE BOOK

စင်စစ်မှာတော့ မမနဲ့မောင်၊ မောင်နဲ့မမရဲ့အဖြစ်ဟာ
သိစိတ်နဲ့ရော၊ မသိစိတ်နဲ့ကျင်လည်၊ နောက်တော့မှ အတွင်းစိတ်နဲ့
ပြန်လည်အိပ်မက်မက်ရတဲ့အဖြစ်နဲ့ မတူပေဘူးလား။

# မောင်သိန်းဆိုင်

# မောင့်အိပ်မက်

mgyoe.com

တတိယအကြိမ်

photo : le vu - unsplash

mgyoe.com SAMPLE BOOK

အိပ်မက်ထဲမှာ မမဟာ အင်မတန် ဝေသီမြင့်မားလှတဲ့ နေရာမှာ ရောက်နေတာ တွေ့ရပါတယ်။ ဝေသီမြင့်မားလွန်းရုံမက အထီးတည်းဖြစ်တဲ့ အလွန်အဖျားကလေးတစ်ခုမှာ တဲတဲကလေး ရပ်နေတယ်။ မမရဲ့အရှေ့မှာ အင်မတန် နက်ရှိုင်းစောက်မတ်တဲ့ ချောက်ကမ်းပါးကြီး ရှိနေတယ်။ မမရဲ့နံဘေးမှာ မာခက်ကြမ်းတမ်းပြီး ချွန်ထက်စူးရှတဲ့ ကျောက်တုံးကျောက်ခဲတွေ ရှိနေတယ်။ မမရဲ့အသွေးအသားကို ဝါးမျိုလိုဟန်နဲ့ အာသာငမ်းငမ်း ဝန်းရံနေသယောင်ပါပဲ။

# မောင်သိန်းဆိုင်
## မောင့်အိပ်မက်

9 789997 137456
MMK 6,500.00

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com
SAMPLE BOOK

စိတ်ကူးချိုချိုစာအုပ်

# မောင့်အိပ်မက်

မောင်သိန်းဆိုင်

တတိယအကြိမ်၊ ၂၀၂၃

mgyoe.com

mgyoe.com SAMPLE BOOK

မောင့်အိပ်မက်၊ မောင်သိန်းဆိုင်
မျက်နှာဖုံးအပြင်အဆင် - စဒဲလား
စာမျက်နှာ ၁၈၃ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၅၊ ဇူလိုင်လ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၇၁၊ ရတနာမိုးစာပေ၏ ဒုတိယအကြိမ်မူ၊
[ပထမအကြိမ်- ၁၉၆၉]

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com SAMPLE BOOK

မမ

မမနဲ့ပတ်သက်တဲ့ အိပ်မက်တစ်ခုကို မောင် မကြာခင်က မြင်မက်ခဲ့တယ်။

အိပ်မက်ဆိုတာ သွေးလေချောက်ချားလျှင်သော်လည်းကောင်း၊ စိတ်မှာ စွဲလမ်းမှု ပြင်းပြလျှင်သော်လည်းကောင်း မြင်မက်တတ်တယ်လို့ ဆိုရိုးစကားရှိတယ်။

မောင် မြင်မက်ခဲ့တဲ့အိပ်မက်ဟာ သွေးလေချောက်ချားလို့လည်းမဟုတ်ဘူး၊ စိတ်မှာ စွဲလမ်းမှု ပြင်းပြလို့လည်းမဟုတ်ဘူး၊ သူ့အလိုလိုမြင်မက်လာတဲ့ အိပ်မက်ပဲလို့ မောင် ယူဆမိတယ်။

ဘာကြောင့်လဲဆိုတော့ အိပ်မက်ဟာ ဆန်းကြယ်လွန်းလို့ပါပဲမမ။ မထင်မှတ်၊ မမျှော်လင့်ခဲ့တဲ့ အိပ်မက်မျိုး ဖြစ်နေလို့ပါပဲ။

စာအုပ်တစ်အုပ်မှာ မောင် ဖတ်ဖူးခဲ့တယ်၊ (ဆစ်ဂမန် ဖရိုက်) ရဲ့ 'ခွဲခြမ်းစိတ်ဖြာ စိတ်ပညာ' စာအုပ်မှာပဲ ထင်ပါရဲ့။

လူတွေမှာ 'သိစိတ်'၊ 'မသိစိတ်' နဲ့ 'အတွင်းစိတ်' ဆိုတာတွေ ရှိပါတယ်တဲ့။ စိတ်သန္တာန်ကို အဲဒီလို သုံးမျိုးသုံးစား

mgyoe.com

mgyoe.com SAMPLE BOOK


ခွဲခြားလို့ ရပါတယ်တဲ့။

လူတွေရဲ့ ပင်ကိုအသိနဲ့ ထိတွေ့လုပ်ကိုင်မိတဲ့စိတ်ဟာ သိစိတ်ပါပဲ။ အလုပ်လုပ်တယ်၊ ထမင်းစားတယ်၊ ရုပ်ရှင်ကြည့်တယ် စသည်ဖြင့်ပေါ့။ မသိစိတ်ဆိုတာကတော့ လူတစ်ယောက်ဟာ အသက်ထင်ရှား ရှိနေပေမဲ့ သူ ဘာလုပ်လို့ လုပ်မှန်းမသိတဲ့စိတ်၊ အမေ့မေ့အလျော့လျော့ ရှိနေတတ်တဲ့ စိတ်မျိုးပေါ့။ စိတ္တဇဝေဒနာသည်တစ်ဦးရဲ့စိတ်ဟာ အများအားဖြင့် မသိစိတ် လွှမ်းနေတတ်ပါတယ်။ ဘာပြောလို့ ပြောမိမှန်းမသိ၊ ဘာလုပ်လို့လုပ်မိမှန်း မသိတတ်ဘဲ ရှိတတ်ကြတယ်။

အတွင်းစိတ်ဆိုတာကတော့... ရောင်ပြန်ဟပ်တဲ့ သဘော၊ နေ့လယ်က လုပ်ခဲ့သမျှ ညကျမှ ပြန်လည်အိပ်မက်တတ်တဲ့သဘောပေါ့။

စင်စစ်မှာတော့ မမနဲ့မောင်၊ မောင်နဲ့မမရဲ့အဖြစ်ဟာ သိစိတ်နဲ့စ၊ မသိစိတ်နဲ့ကျင်လည်၊ နောက်တော့မှ အတွင်းစိတ်နဲ့ ပြန်လည်အိပ်မက်မက်ရတဲ့အဖြစ်နဲ့ မတူပေဘူးလား။

ဖြစ်စဉ်ကိုက သည်သို့စ၊ သည်သို့ဖြစ်၊ သည်သို့ဆုံးလို့ သတ်မှတ်ပေးထားတာနဲ့ မတူပေဘူးလား။

မောင်မက်ခဲ့တဲ့ အိပ်မက်ဟာ ရှေ့မှာ ဘာဖြစ်လိမ့်မယ်ဆိုတဲ့ ပုဗ္ဗနိမိတ်လို့ မဆိုသင့်ပေဘူးလားမမ။

မောင် ဘယ်လိုအိပ်မက်မျိုး မြင်မက်ခဲ့တယ်ဆိုတာ မမ သိအောင် မပြောချင်လှပါဘူး။ အမှန်တော့ မောင့်အိပ်မက်ကို မမ မသိစေချင်လှပါဘူး။

အိပ်မက်လို့မယူဆဘဲ ထမင်းလုံးတစ္ဆေ အခြောက်ခံ

mgyoe.com

mgyoe.com

ရတယ်လို့သာ ဆိုချင်ပါတယ် မမရယ်။

ငယ်ငယ်က မကြာခဏ ထမင်းလုံးတစ္ဆေ အခြောက်ခံခဲ့ကြရတယ်မဟုတ်လား။ ဝေသီမြင့်မားလှတဲ့နေရာကို ရောက်သွားလိုက်၊ အဲသည်ကနေ နက်ရှိုင်းစောက်မတ်လှတဲ့ ချောက်ကမ်းပါးအတွင်းကို ထိုးကျလိုက်နဲ့။ မြင်မြင်သမျှ အရာအားလုံးဟာလည်း ပုံစံမမှန်၊ သဏ္ဍာန်မညီ၊ အရွဲ့ရွဲ့ အစောင်းစောင်း ရှိတတ်ကြတယ်။ အမှုန်မှုန်အမွှားမွှား ဖြစ်နေတတ်ကြတယ်။

မောင့်အိပ်မက်ကလည်း သည်သို့ပါပဲမမ။

ပီပီသသ၊ ကြည်ကြည်မြမြရယ်တော့ မဟုတ်ပါဘူး။ မပီမပြင် မကြည်မလင်နှင့်ပဲပေါ့။ မကွဲမပြား ဝိုးတဝါးနှင့်ပဲ ပေါ့။

အိပ်မက်ထဲမှာ မမဟာ အင်မတန် ဝေသီမြင့်မားလှတဲ့ နေရာမှာ ရောက်နေတာ တွေ့ရပါတယ်။ ဝေသီမြင့်မားလွန်းရုံမက အထီးတည်းဖြစ်တဲ့ အစွန်အဖျားကလေးတစ်ခုမှာ တဲတဲကလေး ရပ်နေတယ်။ မမရဲ့အရှေ့မှာ အင်မတန် နက်ရှိုင်းစောက်မတ်တဲ့ ချောက်ကမ်းပါးကြီး ရှိနေတယ်။ မမရဲ့ နံဘေးမှာ မာခက်ကြမ်းတမ်းပြီး ချွန်ထက်စူးရှတဲ့ ကျောက်တုံးကျောက်ခဲတွေ ရှိနေတယ်။ မမရဲ့အသွေးအသားကို ဝါးမျိုလိုဟန်နဲ့ အာသာငမ်းငမ်း ဝန်းရံနေသယောင်ပါပဲ။

မမရှေ့က ချောက်ကမ်းပါးကို ကြည့်လေဦး။

ဝေသီမြင့်မားလွန်းတဲ့အတွက် အောက်ခြေကို ပျပျ ရေးရေးကလေးသာ မြင်သာတယ်။ အောက်ခြေမှာတော့ ကြမ်းတမ်းခက်တရော်တဲ့ ကျောက်တုံးကျောက်ဆောင်တွေ

mgyoe.com

mgyoe.com SAMPLE BOOK

ပြည့်နေပြီး အဲသည်ကျောက်တုံးကျောက်ဆောင်၊ ကျောက်ခက် ကျောက်လက်တွေကို လှိုင်းက ဝုန်းဝုန်း ရိုက်ခတ်နေတယ်။

လှိုင်းခေါင်းဖြူဖြူတွေဟာ အဝေးကနေ မြွေတွန့်သလို တလိပ်လိပ် ပြေးလာကြတယ်။ ပြီးမှ ကမ်းပါးကို ရိုက်ခတ်နေခြင်းဖြစ်ပါတယ်။ ရက်စက်ကြမ်းကြုတ်တဲ့ ပင်လယ်ပြင်ဟာ မမကို ဖိတ်ခေါ်နေသယောင် ထင်ရပါတယ်။ ညိုးညံ့ဆူလောင်တဲ့ အသံဗလံတွေနဲ့ ဖြားယောင်း ဖိတ်ခေါ်နေသလိုပါမမ။

မမရဲ့ ခေါင်းအထက်ကို မော့ကြည့်ခဲ့မယ်ဆိုရင် အလိုမကျနိုင်သလို ညိုပုပ်နေတဲ့ ကောင်းကင်ပြင်ကို မြင်သာပါတယ်။ အဝေးမှာ ကြီးစွာသော စစ်ပွဲတစ်ပွဲ ဖြစ်ပွားနေသလို ဂျိုးဂျိုးခြိမ့်ခြိမ့်နဲ့ မြေပြင်ကို တသိမ့်သိမ့် လှုပ်ခါမတတ် ကျယ်လောင်တဲ့အသံတွေ ကြားနေရတယ်။

အဲသည်အသံတွေဟာ မမကို ခြိမ်းခြောက်မောင်းမဲနေသလိုပါပဲ၊ ရေရွတ်ပြစ်တင်နေသလိုပါပဲ။ ခါတစ်ရံ မိုးထစ်ချုန်းလိုက်သံတွေဟာ လောကအလုံးကို ဖောက်ခွဲဖျက်ဆီးပစ်တော့မည့်နှယ် ထင်ရပါတယ်။ တိမ်ပါးပြင်မှာ ခါတစ်ရံ ကန့်လန့်ဖြတ်ပေါ်လာတဲ့ လျှပ်စစ်နွယ်တန်းကို မျက်စိကျိန်းစပ်မတတ် မြင်ရတတ်ပြန်ပါတယ်။ လျှပ်စစ်နွယ်တန်း ပေါ်လာချိန်မှာ ဝန်းကျင်ဟာ နေ့ခင်းတမျှ လင်းသွားတတ်ပါတယ်။

မမဟာ သည်မျှဆိုးရွားပြင်းထန်လှတဲ့ ဝန်းကျင်ကို အန်တုပြီး ဘာကြောင့်များ သည်ကျောက်စွန်းပေါ်မှာ ရောက်

mgyoe.com

နေရပါလိမ့်လို့ အိပ်မက်ထဲမှာပဲ မောင် တွေးနေမိပါတယ်။

မမကိုယ်မှာ ဖြူလွှင်တဲ့ အဝတ်တွေချည်း ဝတ်ထားတယ်။

အဝတ်တွေဟာ မမရဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းအားလုံးကို ထိုးဖောက်မြင်နိုင်လောက်အောင် ပါးလွှာကြတယ်။ ပြီးတော့ ရှည်လျားကြတယ်။ မမရဲ့နောက်မှာ ဖားလျားကျနေကြတယ်။

ဝေသီမြင့်မားတဲ့နေရာမှာ ရပ်တည်နေတာဖြစ်လို့ လေဟာ ပြင်းပြင်းထန်ထန် တိုးဝှေ့နေတယ်။ မမရဲ့အဝတ်တွေဟာ လေမှာ တဖျပ်ဖျပ် လွင့်နေတယ်။ အတောင်ပံကြီးများလို လွင့်ပါးနေခြင်းဖြစ်တယ်။ မမဟာ အဲသည်ကျောက်စွန်းအထက်ကနေ ငှက်များလို တောင်ပံဖြန့်ပြီး ပျံသွားလေတော့မလား ထင်မှတ်ရတယ်။

မောင် မြတ်နိုးလှတဲ့ မမရဲ့ မည်းနက်ရှည်လျားတဲ့ ဆံပင်တစ်ထွေးကြီးဟာ ထုံးဖွဲ့ထားခြင်း မရှိလေဘူး။ ဆံပင်တွေဟာ လေမှာ လွင့်မျောနေတယ်။ တံကောက်ခွက်တိုင် ရှည်လျားတဲ့ ဆံပင်များဖြစ်လို့လည်း လေမှာ လှိုင်းများတွန့်သလို လွင့်နေတယ်။ အချို့ဟာ မမရဲ့မျက်နှာကို ပိုက်ကွန်သဖွယ် ထွေးရစ်နေတယ်။

ဆံပင်က ပိုက်ကွန်သဖွယ် ထွေးရစ်ထားတဲ့ မမရဲ့မျက်နှာကို မောင် မြင်နေကျဖြစ်ပါလျက် သည်တစ်ခါမှာတော့ မမှတ်မိနိုင်အောင် ရှိရပါတယ်။ သည်စဉ်က မမမျက်နှာဟာ ထူးခြားတယ်၊ ဆန်းကြယ်တယ်၊ မောင့်ရှေ့မှာ တစ်ခါမှ မပေါ်ပေါက်ဖူးတဲ့ မျက်နှာထားမျိုး။

mgyoe.com

mgyoe.com SAMPLE BOOK

မျက်နှာက အကြောစိုင်မှန်သမျှဟာ တင်းမာနေတယ်။ ကျောက်တုံးကျောက်ခက်များလို မာကျောခက်တရော်ခြင်း အတိပြီးတယ်။ ပင်ကိုက ဖြူတဲ့မျက်နှာဟာ ယခုအခါ သွေးတစ်စက်မျှ မရှိတော့သလို ဖျော့နေပြန်တော့ သလင်းကျောက်သားရဲ့ ဖြူခြင်းမျိုးနဲ့ တူနေတယ်။

နှုတ်ခမ်းနီ စသည်တို့ မဆိုးမခြယ်တဲ့ နှုတ်ခမ်းလွှာများဟာ ပြာနှမ်းနှမ်းဖြစ်နေတယ်။ ခိုင်ကျည်စွာ ဆုံးဖြတ်ချက်ချထားသလို တင်းကျပ်ပိရိနေကြတယ်။

အထူးခြားဆုံးကတော့ မမရဲ့မျက်လုံးတွေပဲ။

မျက်လုံးတွေဟာ အတွင်းကို ချိုင့်ဝင်နေတယ်လို့ ထင်ရပါတယ်။ မျက်ခွံရဲ့အရိပ်ဟာ မျက်လုံးပေါ်မှာ ကျရောက်နေတယ်။

ရှည်လျားကော့ပျံတဲ့ မျက်တောင်များ ဝန်းယှက်ရာမျက်ဝန်းဟာ အသက်ဝိညာဉ် ကင်းမဲ့နေသူတစ်ဦးရဲ့ မျက်ဝန်းများလို အလှုပ်အရှားမရှိ ဖြစ်နေတယ်။ သူငယ်အိမ်ဟာ တစ်နေရာတည်းမှာ ငြိမ်နေတယ်။ တစ်နေရာတည်းကို စူးစူးစိုက်စိုက် ကြည့်နေပေမဲ့ ဘာကိုမျှ မမြင်ရသလိုပါပဲ။ အကြည်ဓာတ် ပျက်ပြယ်နေသလို တောက်ပခြင်းလည်း ကင်းတယ်မမ။

အလုံးစုံခြုံကြည့်လိုက်တော့ မမရဲ့မျက်နှာဟာ နာကြည်းခြင်းတွေ ပြည့်ဝနေသည့်နှယ်။ ခံပြင်းခြင်း၊ ကြေကွဲခြင်းတွေကို တစ်ပြိုင်နက်တည်းမှာ ခံစားနေရသယောင် ထင်ရပါတယ်။

မမဟာ ပိုမိုအစွန်အဖျားကျတဲ့ တစ်နေရာကို တရွေ့ရွေ့

mgyoe.com

m g y o e . c o m  SAMPLE BOOK 

တိုးသွားနေတယ်။ ဖိနပ်မဲ့ ခြေဖဝါးနဲ့ တစ်လှမ်းချင်း တိုးသွားနေတယ်။ မမကိုကြည့်ရတာ အင်အားရပ်တစ်ခုခုက ညှို့ယူထားသလိုပဲ။ သတိလက်လွတ်ရှိနေသူလိုပဲ။

မောင့်ရင်မှာ မမအတွက် စိုးရိမ်ကြောင့်ကြစိတ်တွေနဲ့ ပြည့်သိပ်နေတယ်၊ တင်းကျပ်နေတယ်၊ ရင်တွေတုန်ပြီး အသည်းနှလုံးတွေ တထိတ်ထိတ်ခုန်နေတယ်။ သည်စဉ်က မောင့်မှာ အသက်ရှူ အမှားမှားအယွင်းယွင်း ဖြစ်ရတယ်။

မမကို မောင် တားဆီးချင်လှပါတယ်။ တောင်စွန်းက လိမ့်မကျခင် မမကို သိမ်းငှက်များလို ထိုးသုတ်ယူဆောင်ပြေးချင်လှပါတယ်။

မမကြားလောက်အောင် အော်ဟစ်သတိပေးချင်လှပါတယ်။

"မမရေ၊ မမ" လို့ စကြဝဠာတံတိုင်းအပြင်ဘက်က ကြားလောက်အောင် ဟစ်အော်လိုက်ချင်ပါတယ်။ လေထုထဲမှာ ဂယက်ထပြီး ပဲ့တင်သံတွေ ထပ်သွားစေချင်လှပါတယ်။

မောင့်စိတ်ထဲမှာလည်း မမဟာ မောင့်အသံကို ကြားရရင် ဘယ်နည်းနဲ့မဆို သတိလည်လာမယ်။ မောင့်အသံကြားရရင် မမ မောင့်ဆီကို ပြန်လာလိမ့်မယ်လို့ချည်း ထင်နေတယ်။

ဒါပေမဲ့ မောင်နဲ့မမဟာ ဘဝခြားနေသလိုပဲ၊ ကြားမှာ ကမ္ဘာတစ်ခု ခံနေသလိုပဲ။ မောင်က တစ်ကမ္ဘာ၊ မမက တစ်ကမ္ဘာမှာလိုပါပဲ မမ။

မောင်ဟာ လှုပ်ရှားလို့လည်းမရ၊ စကားပြောလို့လည်း မရ၊ တစ်ကိုယ်လုံး တုပ်နှောင်ထားခြင်းခံနေရတဲ့ပမာ ဖြစ်နေ

mgyoe.com

mgyoe.com
SAMPLE BOOK


တယ်။ အနှောင်အဖွဲ့တွေဟာ တင်းကျပ်လွန်းတယ်လို့ ထင်ရတယ်။

မမ ရှေ့ကို ခြေတစ်လှမ်းတိုးလေ မောင့်အသည်းတစ်ဖွဲ့၊ နှလုံးတစ်စိတ် ပဲ့ကြွေရသလိုပါပဲ။ မောင်ဟာ မမကို တားဆီးနိုင်ဖို့ အနှောင်အဖွဲ့က ရုန်းကန်နေမိပါတယ်။ ဒါပေမဲ့ မောင့်ရင်မှာ မောသည်ထက်သာ မောလာတယ်၊ ရုန်းထွက်လို့မရလေဘူး။

မမဟာ ကျောက်စွန်းရဲ့ အဆုံးပိုင်းမှာ ရပ်လိုက်ပါတယ်။ ချောက်ထဲကျဖို့ ခြေတစ်ဖဝါးစာမျှသာ လိုတော့တယ်။ ရှေ့မှာတော့ အသုရကာယ်ဘုံပမာဖြစ်တဲ့ ချောက်ကမ်းပါး။

လေက ပိုပြီးထန်တယ်။ မိုးကလည်း ရွာတော့မလို၊ ပြိုတော့မယောင် ရှိနေတယ်။

မမကိုယ်တိုင်က သည်ကျောက်စွန်းမှ လျှောမချခဲ့နဲ့ဦး။ လေတိုက်တာနဲ့ပဲ လိမ့်ကျရလိမ့်မယ် ထင်ရပါတယ်။

မောင့်နှလုံးခုန်သံဟာ ရင်ပွင့်ထွက်တော့မတတ် ပြင်းထန်လာတယ်။ အကြောအမျှင်တွေ ဆိုင်းသွားတယ်။ တစ်ကိုယ်လုံး အေးစက်တောင့်တင်းလာတယ်။ နှလုံးသွေး ရပ်မတတ် ခံစားရတယ်။ မမကို မောင် အပြီးတိုင် စွန့်လွှတ်ရတော့မှာပါကလားလို့ ထင်မိတယ်။

သည်မှာတင် မောင်ဟာ ရှိသမျှအင်အားတွေကို စုစည်းပြီး "မမ" လို့ ကျယ်လောင်စွာ ဟစ်အော်ခေါ်လိုက်မိပါတယ်။ တစ်ပြိုင်နက်မှာပဲ အလွန်အမင်း လင်းထင်းသွားသလိုရှိရာက မမရဲ့အသွင်သဏ္ဌာန် ပျောက်ကွယ်သွားတယ်။

mgyoe.com

သည်မှာတင်ပဲ မောင်ဟာ အိပ်ရာက လန့်ဖျပ်နိုးထခဲ့ပါတယ်မမ။

"မမ" လို့ တကယ်အော်လိုက်မိတာတော့ အမှန်ပါပဲ။ အသံက တကယ်ထွက်သွားခဲ့ပုံ ရပါတယ်။ မောင်ဟာ အိပ်ရာပေါ်မှာ အလန့်လန့်အထိတ်ထိတ်နဲ့ ရှိရပါတယ်။

မောင့်ရင်တွေ ခုန်နေတယ်။ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေတယ်။ မောဟိုက်ပင်ပန်းမှုကို ခံစားနေရတယ်။ ကိုယ်မှာ ချွေးစေးတွေ ပြန်နေတယ်။ နဖူးကချွေးဟာ ဆီးကင်းပမာ ထင်ရပါတယ်။

အခန်းထဲမှာ မောင်တစ်ယောက်တည်း ရှိပါတယ်။ အမှောင်ထဲမှာ ထိုင်နေခဲ့မိတယ်။

မောင်ဟာ အမှောင်ကို ကြောက်လာတယ်၊ မီးဖွင့်မိပါတယ်။

ကြောက်စမပြေ ရှိလေတာမို့ ရေတစ်ခွက်ကို ကမန်းကတန်း သောက်မိပါသေးတယ်။

မမကို တကယ်တမ်း စွန့်လွှတ်ရခြင်းမဟုတ်၊ အတွေ့အဆန်းအိပ်မက်မှန်းကို သိလာရပါတယ်။ သည်တော့လည်း ရင်မောနေတဲ့ကြားက စိတ်မှာ သက်သာရာ ရမိပါတယ်။

မောင် သက်ပြင်းချမိပါတယ် မမ။ အကြိမ်ကြိမ်အခါခါ သက်မချခဲ့မိပါတယ်။

မမရယ်...

သည်စဉ်က အိပ်မက် မက်တာပါ။ အိပ်မက်မှ လန့်ဖျပ်နိုးထရတော့ အိပ်မက်မှန်းသိလို့ စိတ်မှာ ဖြေသာရာ ရခဲ့ပါတယ်။ ရင်အမော သက်သာရာ ရခဲ့ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

သို့တိုင်အောင် မမနဲ့ပတ်သက်လို့ မောင့်မှာ စိတ်မကောင်းနိုင်အောင် ရှိရပါတယ်။

အိပ်မက် တိတ္ထံုဆိုသည့်မျိုးကို မောင် ယောင်လို့မှ မဖတ်ဖူးပါ။ အိပ်မက်ဆိုတာ ပုဗ္ဗနိမိတ်လို့ မောင် မယုံကြည်ရိုးအမှန်ပါ။ ဒါမျိုးတွေနဲ့ပတ်သက်လို့ အယူသီးခြင်းလည်း မောင့်မှာ မရှိခဲ့ပါ မမ။

ဒါပေမဲ့ အခုကျတော့ သည်အိပ်မက်နဲ့ပတ်သက်လို့ အိပ်မက်တိတ္ထံုကို ကြည့်ရပုံ ပေါ်နေပါပကောလား။ ပုဗ္ဗနိမိတ်ဆိုသည်ကိုပင် ယုံကြည်ရလေတော့မလား မပြောတတ်ပါ။

သည်ကနေ့မနက် အလုပ်စားပွဲကို ရောက်လာတယ်။ နေ့စဉ်ထုတ် သတင်းစာတွေဟာ စားပွဲပေါ်မှာ အသင့်ရှိနေကြတယ်။

အလုပ်မစမီ သတင်းစာတစ်စောင်ကို ဆွဲယူဖတ်ရှုမိတယ်။

သည်မှာတင် မမရဲ့သတင်းကို ဖတ်ရတယ်။

မမသတင်းကိုဖတ်ရတော့ မောင့်အဖို့ ကမ္ဘာကြီးတစ်ခုလုံး အိုးထိန်းစက်လို သွက်သွက်ခါသွားတယ်လို့ ထင်မှတ်လိုက်မိပါတယ်။ မောင့်တစ်ယောက်တည်းအတွက် လောကကြီးတစ်ခုလုံး အမှောင်ဖုံးလွှမ်းသွားတယ်လို့ အောက်မေ့မိပါတယ်။ မောင့်စိတ်အတွေးမှာ ယောက်ယက်ခတ်ရလေပြီ မမ။

ကိုယ့်မျက်စိ ကိုယ်မယုံကြည်နိုင်သလို သတင်းကို အခါခါ ဖတ်မိပါတယ်။ အလွတ်ကျက်မှတ်နေသလို ဖတ်မိ

mgyoe.com

mgyoe.com

ပါတယ်။ တစ်စောင်နဲ့ အားမရနိုင်ဘဲ သတင်းအားလုံးမှာ ရှာဖတ်မိပါတယ်။ သတင်းစာအားလုံးမှာ မမရဲ့သတင်း ပါနေတယ်။

အဆုံးမှာတော့ မယုံကြည်နိုင်ခြင်းထက် မယုံကြည်လိုခြင်းက ပိုမိုလွှမ်းမိုးလာတတ်ပါတယ်။ အငူငူ အငိုင်ငိုင် ရှိနေခိုက်မှာ စားပွဲပေါ်က တယ်လီဖုန်းခေါင်းလောင်း မြည်လာတယ်။ စကားပြောခွက်ကို ကောက်ယူလိုက်ရတယ်။

"မောင်မောင်လားဟင်" ဆိုတဲ့ ဖေဖေ့အသံကို ကြားရတယ်။

"ဟုတ်ပါတယ်ဖေဖေ"

မောင့်အသံတွေက တုန်နေတယ်။

"သား သူ့သတင်းကို တွေ့ပြီးပြီမဟုတ်လားဟင်"

ဖေဖေ့အသံကလည်း တုန်နေသလိုပါပဲ။

မောင်က မမသတင်းကို ဖတ်ပြီးပြီဖြစ်တဲ့အကြောင်း ပြောလိုက်တယ်။

ဖေဖေ့ထံမှအသံကို တော်တော်နဲ့ မကြားရဘူး။ အသံဟာ တော်တော်နဲ့ ပေါ်မလာဘူး။ စကားပြောကြေးနန်းမှာ စိုးစိုးစိစိအသံတွေသာ ကြားနေရတယ်။ စင်စစ်မှာတော့ သည်အသံတွေဟာ ဖေဖေပြောချင်တဲ့ စကားသံတွေလားမောင် မတွေးတတ်ပါ။

အတော်ချည်းကြာမှ ဖေဖေ့အသံ ပေါ်လာတယ်။

"သား... ငိုနေသလားဟင်" တဲ့။

"မငိုပါဘူးဖေဖေ"

"အေး... ယောကျ်ားပဲကွာ၊ ဘာလို့ငိုရမှာလဲ။ သား မငို

mgyoe.com

mgyoe.com SAMPLE BOOK

သလို ဖေဖေလည်း မငိုပါဘူး၊ ဖေဖေ မငိုသလို သားလည်း မငိုရဘူး" တဲ့။

မှန်ပါတယ် မမ။

မောင် မငိုပါဘူး၊ ဖေဖေ မငိုသလို မောင်လည်း မငိုပါဘူး။

ဒါပေမဲ့ မမရယ်။

မငိုပေမဲ့လည်း မောင့်ရှိုက်သံတွေကိုတော့ ဖေဖေ ကြားရမှာပါ။ ဘာကြောင့်လဲဆိုတော့ ဖေဖေ့ရှိုက်သံကို မောင်ကြားနေရလို့ပါ။

မငိုပေမဲ့ မရှိုက်မက်ဖို့ကိုတော့ မောင်တို့ မထိန်းချုပ်နိုင်ကြချေဘူး မမ၊ ထိန်းချုပ်မထားနိုင်ကြချေဘူး။

ဖေဖေက မောင့်ကို နှစ်သိမ့်အားပေးစကားပြောပြီး စကားပြောခွက်ကို ချသွားတယ်။

မောင်ကတော့ သတိမေ့လျော့နေမိသူပမာ စကားပြောခွက်ကို ကိုင်ထားမိတယ်။

မောင့်စိတ်အတွေးဟာ အဝေးကို လွင့်ပါးနေတယ်။ မောင့်စိတ်ဝိညာဉ်ဟာ တောအတန်တန်၊ တောင်ယံအသွယ်သွယ်ကို ဖြတ်ကျော်ပျံသန်းနေသလိုပါပဲ။

တစ်ပြိုင်နက်တည်းမှာပဲ မောင့်စိတ်အသိမှာ အမှတ်ရလာမိတာ တစ်ခုရှိတယ်မမ။

မောင့်ကို မမပြောခဲ့တဲ့ စကားများအနက်က စကားတစ်လုံးကို အမှတ်ရလာမိတယ်။

သည်စကားကိုပြောစဉ်က မမနဲ့မောင်ဟာ ဝေသီမြင့်မားတဲ့ တောင်စွန်းတစ်ခုမှာ ရှိနေကြတယ်။ တောင်ကြီးမြို့

mgyoe.com

mgyoe.com

မြောက်ဘက်က မြို့ပေါ်မှာ မိုးနေတဲ့ 'တောင်ချွန်း' လို့ ခေါ်တဲ့နေရာမှာပေါ့။

အဲသည်နေရာကနေ အောက်ကို လှမ်းကြည့်လိုက်ရင် အိမ်ကလေးတွေဟာ ကစားစရာတွေထက်တောင် သေးငယ်နေတာ တွေ့ရတယ်။ သစ်ပင်တွေဆိုရင်လည်း တွယ်အပ်တစ်ချောင်းစာလောက်သာရှိတယ်။ မမ၊ မောင်နဲ့ အဖော်တစ်သိုက်တို့ အဲသည်တောင်ချွန်းပေါ်ကို အပျော်တက်ခဲ့ကြတယ်။ ဝေသီမြင့်မားတဲ့ အစွန်အဖျားမှာ ထိုင်ပြီး အပန်းဖြေနေခဲ့ကြတယ်။

"မမ.. မောင့်ကို ဘယ်လောက်ချစ်ပါတယ်ဆိုတာ သက်သေပြရဲပါ့မလားဟင်" လို့။

သည်တော့ မမက မောင့်မျက်နှာကို အကဲခတ်သလို ကြည့်ရင်းက...

"ပြရဲတာပေါ့ မောင်... ဘယ်လိုပြရမလဲ" လို့ ပြန်မေးတယ်။

"မောင့်ကို ချစ်တယ်ဆိုတဲ့ အထိမ်းအမှတ်အနေနဲ့ ဒီတောင်ချွန်းပေါ်ကနေ အောက်ကို ခုန်ချပြရဲပါ့မလား"

မောင်က ကတ်သီးကတ်သတ် ကြဲကြဲဖန်ဖန် ရယ်စရာ ပြောမိခဲ့တယ်။

ဒီတော့ မမက...

"ချစ်တယ်ဆိုတဲ့အနေနဲ့တော့ ခုန်ချမပြချင်ပါဘူးမောင်။ ဘာကြောင့်လဲဆိုတော့ အောက်ကိုရောက်တာနဲ့ တစ်ပြိုင်နက် စိစိညက်ညက်ကြေပြီး အရိုးအသားတောင် ရှာတွေ့ရတော့မှာ မဟုတ်ဘူးမဟုတ်လား။ မောင့်ကို မမ ထာဝရခွဲခွာသွားရ

mgyoe.com

mgyoe.com SAMPLE BOOK

တော့မှာမဟုတ်လား။ တမလွန်ဆိုတာမျိုးက ရေရာတာ မဟုတ်တော့ တမလွန်မှာ ဆုံပါရစေလို့ မမ ဆုမတောင်းဝံ့ ပါဘူး။ ပြီးတော့ မောင်က မမကို ချစ်နေသေးသရွေ့ မမ အသက်မသေချင်ပါဘူး။ အဲ... မောင်ကသာ မမကို 'ခင်ဗျား ကို ကျုပ်မုန်းတယ်' လို့ပြော၊ စက္ကန့်မဆိုင်းဘဲ မမ ဒီအပေါ် က ခုန်ချပြမယ် မောင်"

စင်စစ် သည့်တုန်းက မောင် အခုအိပ်မက်ကို မမြင် မက်မိသေးပါ မမ။ အိပ်မက်ကို မြင်မက်မိချိန်မှာလည်း သည်အကြောင်းအရာကို သတိမရမိရိုးအမှန်ပါ။

ဒါပေမဲ့...

အခုတော့ အိပ်မက်က စင်းလွန်းလှချေကလား မမရယ်။

* * *

mgyoe.com

mgyoe.com SAMPLE BOOK

## (၁)

စင်စစ် ယင်းညကသာ မိုးမရွာခဲ့လေလျှင်၊ သို့မဟုတ် မောင်သာ အဆောင်းအကာယူရန် မပျင်းခဲ့လေလျှင်၊ သို့မဟုတ် မမတွင် ကြင်နာတတ်သော နှလုံးသား မရှိခဲ့လေလျှင် မောင်နှင့် မမတို့ ရင်းနှီးကျွမ်းဝင်ရန် အကြောင်းမရှိချေ။ တစ်ဆက်တည်းမှာပင် စိတ်နှလုံးကြေကွဲ ဆွေးမြည့်ဖွယ် အဖြစ်အပျက်များလည်း ပေါ်ပေါက်လာခဲ့လိမ့်မည် မဟုတ်ချေ။

ယခုသော် ထင်မှတ်မျှော်မှန်းမှုများထက် မထင်မှတ် မမျှော်မှန်းမှုများက လောကတွင် ပိုမိုဖြစ်ပျက်တတ်လွန်းလှချေသည်တကား။

ထိုညက မိုးသည် မည်သို့မျှ မျှော်လင့်ထင်မှတ်ထားခြင်းမရှိပါဘဲ လျက် ရုတ်တရက်ဆိုသလို ရွာကျလာသည်။

ရွာလာချိန်တွင် မောင်သည် လမ်းခုလတ်တွင် ရှိနေလေသည်။ ထုံးစံအတိုင်း သူ့မှာ အဆောင်းအကာ မပါ။ အနီးပတ်ဝန်းကျင်မှာလည်း ခိုနားဖွယ်ရာ အရိပ်အမိုးမရှိ။

အကယ်၍ မိုးရွာလာလိမ့်မည်ဆိုခြင်းကို ကြိုတင်သိထားပါလျှင် အခြားကာလများ၌ အဆောင်းအကာယူရန် ဝန်လေးတတ်သော်လည်း ထိုနေ့ကမူ အဆောင်းအကာကို ကျိန်းသေယူလာမိမည်ဖြစ်လေသည်။

mgyoe.com

mgyoe.com

သို့မဟုတ် အပြင်သို့မထွက်ဘဲ အိမ်ထဲတွင်သာ နေမိမည်အမှန်ပင်။

အကြောင်းမူ မောင့်တွင် မိုးစိုမခံရဲသော ပစ္စည်းများ ပါလာခဲ့သည်။ မောင့်အနေဖြင့် လပေါင်းများစွာ ကြိုးစားပမ်းစား ရေးထားခဲ့ရသော စာမူတစ်ထပ်ကြီး ပါလာခဲ့လေသောကြောင့်ပင်။

အခြားသောပစ္စည်းမျိုးသာဆိုပါက အဘယ်မျှ အဖိုးတန်သော ပစ္စည်းပင်ဖြစ်စေ၊ မိုးရေအစိုခံရန် ဝန်လေးမိမည်မဟုတ်။

ယခုမူ မောင့်အနေဖြင့် အမြတ်တနိုးထားကာ ရက်ပေါင်းမြောက်မြားစွာ ကြိုးကြိုးကုတ်ကုတ် ရေးထုတ်ခဲ့ရလေသော လက်ရေးစာမူများ ဖြစ်နေ၍ မောင့်မှာ မိုးရေစိုမခံရဲ၊ မခံဝံ့၊ မခံချင်အောင် ရှိနေရခြင်းဖြစ်သည်။ မိုးစိုခဲ့လေလျှင်လည်း မင်များ ပြယ်ပြန့်ကာ စာမူမှာ ဖတ်၍မရနိုင်အောင် ရှိလေမည် အမှန်ပင်။

မိုးသည် အတော်ကြီးသည်းမည့် အရိပ်သဏ္ဍာန် ပေါ်လွင်သည်။ မိုးရေစက်များက ကြီးမားကြသည်။ ခပ်စိပ်စိပ် ရွာကျလာသည်။

မောင့်မှာ စာမူတစ်ထပ်ကြီးကို ပိုက်ကာ အကြံအိုက်လျက်ရှိရသည်။

မတတ်သာသည့်အဆုံးတွင်မူ မောင်သည် ကြီးမားဝေစည်သော ကုက္ကိုပင်ကြီးတစ်ပင်အောက်သို့ ခိုဝင်လိုက်ရသည်။

မိုးလုံပြီဟူ၍ကားမဆိုသာ၊ မိုးမစိုနိုင်တော့ဟု စိတ်ချရသည်ကား မဟုတ်။ သို့ရာတွင် အပြင်နှင့်စာပါမူ တော်သေးသည်။ မိုးမှာ အတန်ငယ် သက်သာရာရသည်။

ကုက္ကိုပင်ကြီးမှာ သူ့အရိပ်အောက်သို့ အားကိုးတကြီး ခိုဝင်လာသော သနားစရာ သတ္တဝါကလေးအား တတ်နိုင်သမျှတော့ အကာအကွယ် ပေးရှာပါသည်။

သို့တိုင်အောင် မိုးက ပို၍သည်းလာသည်။ လေကလည်း ကလူ

mgyoe.com

mgyoe.com
SAMPLE BOOK


ကျိုစယ်သလို ဝေ့ဝန်း တိုက်ခတ်လာသည်။ မိုးရေမိုးစက်များက သစ်ရွက်ကြို့ သစ်ရွက်ကြားမှ ယိုကျလာသည်။ ပင်စည်တစ်လျှောက်မှ စီးဆင်းလာသည်။ မောင့်အား အနည်းအပါးဆိုသလို စွတ်စိုလာသည်။

မောင်သည် ခိုကိုးရာမဲ့သူတစ်ဦးလို ရှိနေရသည်။ စာမူတစ်ထပ်ကြီးကို ရင်တွင် တင်းကျပ်စွာပိုက်ပွေ့ရင်း ဘာလုပ်ရမည်မသိတတ်အောင် ရှိနေရသည်။

သည်အချိန်တွင် မမသည် မဏိမေခလာအသွင် မောင့်ရှေ့တွင် ဘွားခနဲပေါ်လာသည်။ မိုးပေါ်မှ ယိုကျလာသည့်နှယ် မောင့်ရှေ့သို့ ရောက်လာသည်။

အမှန်တွင် မမသည် ၎င်းဘာသာ ဣန္ဒြေရရ လျှောက်လာခဲ့ခြင်းဖြစ်သည်။

လမ်းမှာ လူသူကင်းရှင်းနေသည်။ ကားအသွားအလာ နည်းပါးသည်။ လူနေအိမ်ခြေနှင့်လည်း ဝေးလံသည်။ သို့ဖြစ်၍ ညအခါများတွင် မကြာခဏဆိုသလို ဖြတ်သန်းသွားလာသူများအား လုယက်လေ့ရှိတတ်သောနေရာမျိုးဖြစ်သည်။

ထို့ကြောင့်လည်း မောင့်ကိုမြင်စတွင် မမမှာ အလန့်လန့်အဖျပ်ဖျပ်ဖြစ်သွားရသည်။ အကြောက်ကြောက်အရွံ့ရွံ့ ရှိနေရသည်။

မမသည် အပြာရောင် ခေါက်ထီးလှလှလေးကို ဆောင်းလာသည်။ မမတစ်ကိုယ်လုံးအနက် မောင် သတိအပြုမိဆုံးအရာမှာ မမ၏ထီးပင်ဖြစ်တော့သည်။

မမကိုမြင်ရတော့ မောင် အားတက်လာသည်၊ ဝမ်းမြောက်လာသည်။

မောင်သည် ကုက္ကိုပင်အရိပ်အောက်မှ ထွက်လိုက်သည်။

မမသည် ခြေလှမ်းတုံ့သွားသည်။ မောင့်ကို စိုးရွံ့ထိတ်လန့်စွာကြည့်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ရှင်… ရှင် ဘာလိုချင်လို့လဲဟင်"

မမ၏အသံမှာ တုန်နေသည်၊ ချောက်ချောက်ချားချား ရှိရမှုများက မမမျက်နှာတွင် ပေါ်လွင်နေသည်။

သည်တော့လည်း မောင်သည် မမ၏စိုးရွံ့မှုများ လွင့်ပျောက်စိမ့်သောငှာ ချိုသာစွာ ပြုံးပြလိုက်ရပါသည်။

"ကျွန်တော် ဘာမှမလိုချင်ပါဘူး။ အကူအညီတစ်ခု တောင်းချင်လို့ပါ။ ဒီလိုပါ၊ ကျွန်တော့်မှာ မိုးရေအစိုမခံဝံ့တဲ့ စာရွက်တွေ ပါလာလို့ပါ။ ကျေးဇူးပြုပြီး အဲဒါတွေကို ယူသွားစေချင်ပါတယ်"

မောင့်စကားကြောင့် မမတွင် ထူးဆန်းသလို ရှိသွားရသည်ကားအမှန်ပင်။ သို့ရာတွင် အနည်းအပါးဆိုသလို ကြောက်ရွံ့ထိတ်လန့်မှုများပျောက်ကွယ်သွားပုံရသည်။

"ဒီလိုလား… မသိပါဘူး၊ ဒီနေရာက နာမည်ကြီးတော့ ကျွန်မက လုများလုမလားလို့"

မမ၏မျက်နှာမှာ ပြုံးလာသည်။ စိတ်ချလက်ချ ရှိသွားပုံရသည်။

မောင် ကမ်းပေးလင့်သော စာရွက်များကို မမ ဂရုတစိုက်လှမ်းယူသည်။ ရင်မှာ ပိုက်လိုက်သည်။

"အိမ်က ရှေ့နားလေးတင်ပဲ၊ ရှင်က ဘယ်အထိသွားမှာလဲ… ဟင်"

မမက မေးသည်။

"ကျွန်တော့်အိမ်က ဒီနေရာနဲ့ မနီးပါဘူး၊ အတော်သွားရဦးမှာ"

"ဒါဖြင့် ရှင့်စာရွက်တွေ"

မမ၏စကားမဆုံးမီ မောင်က ဖြတ်ပြောလိုက်သည်။

"ကိစ္စမရှိပါဘူး၊ အိမ်မှာပဲ သိမ်းထားလိုက်ပေါ့။ နောက်လမ်းကြုံတော့မှ ကျွန်တော် ဝင်ယူမှာပေါ့"

"ဒါနဲ့ အရေးကြီးတဲ့ စာရွက်စာတမ်းတွေဆို"

mgyoe.com

mgyoe.com  SAMPLE BOOK 

"ဟုတ်ကဲ့၊ ကျွန်တော်တစ်ယောက်တည်းအတွက်သာ အရေးကြီးတာပါ။ တခြားသူအတွက်တော့ အရေးမကြီးတန်ကောင်းပါဘူး။ ရေမစိုရင် တော်ပါပြီ"

မောင့်စကားကြောင့် မမက မောင့်မျက်နှာကို အကဲခတ်သလို ကြည့်သည်။ မောင့်စကားအတွက် အဆန်းတကြယ်ရှိသွားပုံရသည်။

"ဒီလိုလုပ်လေ... ကျွန်မအိမ်ကို လိုက်ခဲ့ပေါ့။ အိမ်က ထီးယူသွားပေါ့"

မောင်က ပြုံးမိသည်။

"ထီးကိုယူသွားပြီး နောက် ဘယ်တော့မှ ပြန်မလာဘဲနေရင် ရတယ်နော်"

မမကလည်း မောင့်စကားကို သဘောကျသလို ပြုံးလိုက်ပါသည်။

"ကိစ္စမရှိပါဘူး၊ ထီးတစ်လက်ဟာ ဘာမှမတန်ပါဘူး။ တကယ်လို့ ရှင်သာ အခုလို အသာတကြည် အခွင့်တောင်းတာမျိုးမဟုတ်ရင် ကျွန်မ ဘာမှတတ်နိုင်မှာမဟုတ်ပါဘူး။ ထီးတင်မကပါဘူး၊ ဒီအချိန် ဒီနေရာမျိုးမှာ ရှင်ကသာ အကြမ်းဖက်ပြီးတောင်းရင် ကျွန်မအနေနဲ့ ဘာမဆိုပေးရမှာမဟုတ်လား"

မမ၏ တွက်တတ်ပုံကလေးကို တွေးကာ မောင့်မှာ အသံထွက်အောင် ရယ်မောမိသည်။

"ဒါကိုသိရက်နဲ့ ဒီလိုနေရာကို ဒီလိုအချိန်မှာ တစ်ယောက်တည်း လာရဲတာပဲလား"

"မတတ်သာလို့ပါ။ ရုပ်ရှင်ရုံကထွက်တော့ အငှားကားလေး ဘာလေး ရမယ်ထင်ခဲ့တယ်၊ ဒါပေမဲ့ အငှားကား မရခဲ့ဘူး။ အဆုံးမှာတော့ ကားရတဲ့အထိ မစောင့်နိုင်ဘဲ အရဲစွန့်ပြီး လာခဲ့ရတာပါ။ စောစောပိုင်းက မိုးရွာမယ်လည်းမထင်ဘူးမဟုတ်လား။ လမ်းမှာတင် အငှားကား

mgyoe.com

mgyoe.com SAMPLE BOOK


ကြုံနဲ့ တွေ့ချင် တွေ့ရလိမ့်မယ်လို့လည်း မျှော်လင့်ထားခဲ့မိတယ်လေ။ ဒါပေမဲ့ ဒီသာရောက်လာရော အငှားကားဆိုလို့ အရိပ်အယောင်တောင် မတွေ့ခဲ့ရပါဘူး"

"အဲဒီလို မတွေ့ခဲ့ရတာကိုပဲ ကျွန်တော့်အနေနဲ့ ကျေးဇူးတင်ရမှာ ပါပဲ။ မတွေ့ခဲ့လို့သာ ကျွန်တော်နဲ့ လာပြီးဆုံရတာမဟုတ်လား"

မောင်က ကျေနပ်စွာပြောမိသည်။

"ကျွန်မအနေနဲ့လည်း ရှင်နဲ့တွေ့ရတာ ဝမ်းသာစရာပဲပေါ့။ စောစောကပြောသလို လုယက်မယ့်လူနဲ့ မတွေ့ရတာ ကျေးဇူးတင်စရာ ပဲပေါ့"

နှစ်ယောက်စလုံးပင် ရယ်မောမိကြသည်။

မောင်နှင့် မမတို့ လမ်းလျှောက်လာခဲ့ကြသည်။

သည်တော့မှပင် မောင်သည် မမအား အကဲခတ်သလို ကြည့်မိ သည်။ မမအနေနှင့်လည်း မောင့်အား အကဲခတ်သလို ကြည့်လာကြောင်း မြင်တွေ့ရပါသည်။

စင်စစ်တွင် ညအခါလည်းဖြစ်သလို မိုးကလည်း ရွာသွန်းနေ သည်။ ခပ်လှမ်းလှမ်းရှိ လမ်းမီးရောင်ဖြင့်သာ တစ်ယောက်ကိုတစ်ယောက် မြင်သာကြသည်။ သို့ဖြစ်၍ မောင်က မမ၏အသက်ကို ရှိရင်းစွဲထက် လျှော့၍တွက်သည်၊ မမကလည်း မောင့်ကို ရှိရင်းစွဲအသက်ထက် ပိုတွက် ပုံရသည်။ သက်တူရွယ်မျှ သဘောထားကာ ရှင်တွေ၊ ကျွန်မတွေ၊ ခင်ဗျားတွေ၊ ကျွန်တော်တွေနှင့် ပြောမိခဲ့ကြသည်။ မမကား မောင့်ထက် အသက်ကြီးပုံရသည်။ အသေအချာကြည့်မိလေမှ မောင်နှမအရွယ်မျိုး ဖြစ်နေသည်ကို တွေ့ရသည်။

မောင့်အနေဖြင့် ဒုတိယသတိပြုမိသည်မှာ မမ၏အလှ။

မမ၏အသားအရောင်မှာ ဖြူသည်၊ ဖြူလွန်းသောကြောင့် အနည်း

mgyoe.com

mgyoe.com
SAMPLE BOOK


ငယ် ဖျော့သယောင် ထင်ရသည်။ မမ၏အရပ်သည် မောင့်အရပ်နှင့် စာပါက များစွာနိမ့်သည်။ မောင့်ပခုံးစွန်းလောက်သာ ရှိသည်။ ကိုယ်မှာ များစွာ ကျစ်လျစ်သည် မထင်ရ။ အသားစိုင်များမှာ ထွားထွားမို့မို့မရှိလှ။ သို့စေကာမူ သူ့နေရာနှင့်သူ၊ သူ့အထာနှင့်သူ လှပသည်။ အနည်းငယ် လျော့ရဲသယောင် ထင်ရသည်။ မမကိုယ်ပေါ်တွင် ဆွယ်တာအင်္ကျီ ရှိနေသည်ဖြစ်၍လည်း ကိုယ်အင်္ဂါအချိုးအဆက်ကို အကဲခတ်ရသည်မှာ မလွယ်။

မမ၏မျက်နှာကလေးကား မောင် မြင်ဖူးသမျှ မိန်းကလေးများ၏ မျက်နှာများထဲတွင် အလှပဆုံးဖြစ်မည်ထင်မိ၏။ ရုတ်တရက်အကြည့် တွင် လှသည်မထင်ရ၊ အသေအချာကြည့်လေမှ တစိမ့်စိမ့်လှတတ်လေ သောအလှမျိုး။

ဖြူလွန်းသောအသားအရေကြောင့် မည်းနက်သန်မာသော မျက်ခုံး၊ ရှည်လျားကော့ပျံသော မျက်တောင်၊ နီလွင်သောနှုတ်ခမ်းတို့ ထင်းထင်း ပေါ်နေသည်။

နက်ရွှန်းတောက်ပသော မျက်ဝန်းများမှာ သွက်လက်ဖျတ်လတ်စွာ လှုပ်ခတ်တတ်သည်။ ပိရိသော နှာတံချွန်ချွန်ကလေး၊ ပါးလွှာသေသပ် သော နှုတ်ခမ်းသားကလေးများမှာ ဆေးရေးပန်းချီအတွင်းမှ လှသူဇာပုံမျိုး ပင်။ ရယ်လိုက်လေတိုင်း ဖြူလွသည့် သွားကလေးများမှ လင်းလက် သွားတတ်သည်။

လည်တိုင်မှာ လက်နှင့် ပြုပြင်ထားသည်သို့ ဝင်းမွတ်သည်။ အကြောစိမ်းကလေးများ ယှက်နွယ်ထားသည်။

မောင့်အဖို့ မမနှင့်တွေ့ရသည်မှာ မဏိမေခလာကဲ့သို့သော နတ် သမီးကလေးနှင့် တကယ်တမ်း တွေ့ရဘိသည်သို့ ရှိပါသည်။ အကယ်၍ မဏိမေခလာဟူသည် တကယ်တမ်းရှိနေပြီး တေးကဗျာတွေထဲကလို

mgyoe.com

mgyoe.com  SAMPLE BOOK 

လုပသည်ဆိုပါလျှင် မမကဲ့သို့ပင် ရှိပေလိမ့်မည်ဟု မောင် ထင်ပါသည်။

မမသည် မောင့်ကို ထီးဖြင့် လိုက်လံမိုးပေးနေသည်။ ရှည်လျား လွန်းသောအရပ်ကြောင့် ကောင်းစွာမမိုးမိ။ မောင့်ခေါင်းမှာ ထီးကိုင်း အစွန်းဖြင့် မကြာခဏ ထိုးမိသည်၊ မကြာခဏ ခြစ်မိသည်။ သည်တော့ လည်း မောင့်ကပြောရသည်။ "မမ" ဟု ပထမဆုံး ခေါ်ဝေါ်သုံးစွဲလျက် ပြောမိခြင်းဖြစ်သည်။

"မမပဲ လုံအောင်ဆောင်းပါ၊ ကျွန်တော့်အတွက် ကိစ္စမရှိပါဘူး။ စာရွက်တွေ ရေမစိုတာကိုပဲ ကျေးဇူးတင်လှပါပြီ"

မောင်သည် မမ၏ ထီးရိပ်အောက်မှထွက်ကာ မိုးရေထဲတွင် လျှောက်သည်။

"မင်းကို မိုးတွေစိုကုန်မှာပေါ့"

"စိုပေစေပေါ့"

"အတော်ကြာ နေထိုင်မကောင်း ဖြစ်နေပါ့မယ်ကွယ်"

မောင်သည် မမ၏မျက်နှာကို စူးစိုက်ကြည့်မိသည်။ ယခုမှ မြင် တွေ့ရသော သူစိမ်းတစ်ရံဆံအပေါ် စေတနာထားတတ်ပုံကိုလည်း စိတ်မှ အသိအမှတ်ပြုမိပေသည်။

"ကျွန်တော်က မိုးရေထဲမှာ လမ်းလျှောက်နေကျပါ၊ အခုလို အဆောင်းအကာမပါဘဲ သွားနေကျပါ။ မိုးမိလို့သာ ဖျားစတမ်းဆိုရင် ကျွန်တော် ဆေးရုံကတောင် ဆင်းရမှာမဟုတ်ဘူး။ ကျွန်တော်က မိုးရေ ထဲမှာ လမ်းလျှောက်ရတာကို နှစ်ခြိုက်တယ်မမရဲ့။ ဘယ်တော့မှ ထီးတို့ မိုးကာတို့ မဆောင်ဘူး"

"အဲဒါတွေဆောင်ဖို့လည်း ပျင်းတယ်မဟုတ်လားကွယ်"

မမက ရယ်မောရင်း ခနဲ့သလိုဆိုသည်။

မောင်သည် မမ၏စကားကို ရှက်ရှက်နှင့်ပင် ဝန်ခံရလေသည်။

mgyoe.com

မမနှင့်ပတ်သက်၍ မောင် သတိပြုမိသောအရာ ရှိသေးသည်။

၎င်းမှာ မမသည် ပွင့်လင်းလွတ်လပ်ပုံရသည်။ မမနှင့်ဆက်ဆံရသည့်နေရာတွင် စိုးရွံ့ခြင်းမရှိရ။ မမသည်လည်း ရှက်ကိုးရှက်ကန်း ရှိမနေ။ တည်ငြိမ်ကျွန်ရှစွာ ဆက်ဆံပြောဆိုတတ်သည်ပင်။ ယောကျ်ားနှင့် မိန်းမဟူသော အတားအဆီး အနှောင့်အယှက် မရှိသလိုပင်။

ဤသည်မှာ သက်တူရွယ်တူ မဟုတ်သည်ကြောင့်ပင် ဖြစ်မည်ထင်ရသည်။ မမသည် မောင်ကဲ့သို့သော လူရွယ်ကလေးများနှင့် ရင်းနှီးကျွမ်းဝင်မှု များပြားသောကြောင့်ပင် ဖြစ်မည်ထင်ရသည်။

တွေ့ကြသည်မှာ မိနစ်ပိုင်းမျှသာ ရှိသေးသော်လည်း ငယ်ပေါင်းကြီးဖော်လို ဆက်ဆံနိုင်စွမ်းသည့် မမ၏စိတ်သန္တာန်မှာ အံ့သြစဖွယ်ကောင်းသည်ကိုတော့ မောင် သတိပြုမိလာသည်။

"ဒါထက် စပ်စုတယ်လို့ မထင်ပါနဲ့ကွယ်၊ ဒီစာရွက်စာတမ်းတွေဟာ ဘယ်လိုဟာမျိုးတွေလဲဟင်"

မမက စကားစရှာ၍ မေးလာသည်။

မမအမေးကို မောင် အဖြေပေးရန် နှောင့်နှေးမိသည်။ စင်စစ်တွင် မောင်သည် သူ ဝတ္ထုရေးခဲ့သည်ကို လူတကာအား အသိပေးလိုခြင်း မရှိပေ။

သို့ရာတွင် မည်သို့မျှ ရှောင်လွှဲ၍မရနိုင်တော့ဘဲ ဝတ္ထုကော်ပီဖြစ်ကြောင်း ပြောလိုက်ရသည်။

"ဩော်... လက်စသတ်တော့ ငါ့မောင်က စာရေးဆရာကိုး"

မမက မှတ်ချက်ချသည်။

မမသည် မောင့်အပေါ် အနည်းအပါးဆိုသလို စိတ်ဝင်စားဟန်ပြလာသည်။ သာမန်လူတစ်ယောက်အဆင့်ထက် ပိုမိုဂရုစိုက်ပုံ ပေါ်လာသည်။

mgyoe.com

"ကျွန်တော်က သိပ်မစွံသေးပါဘူး မမ… စာရေးဆရာလို့ ကင်ပွန်းတပ်လောက်တဲ့အဆင့် မရှိသေးပါဘူး။ ဝါသနာအလျောက် ကြိုးစား စမ်းသပ်ပြီး ရေးနေဆဲဆိုပါတော့"

မောင်က အရှက်ပြေဆိုမိသည်။

"ဒီလိုပေါ့ကွယ်… အစုရေတွင်းတူး အစုရေကြည်သောက်ချင်လို့ မရဘူးဆိုတာမျိုးလိုပေါ့။ အနုပညာဆိုတာ နက်ရှိုင်းကျယ်ဝန်းတယ် မဟုတ်လား။ လူတစ်ယောက်အနေနဲ့ ချက်ချင်းနာမည်ရဖို့၊ ချက်ချင်း အောင်မြင်ဖို့ဆိုတာ မလွယ်လှပါဘူး"

မမက စာနာသောစကားမျိုးကို ဆိုလာလေတော့လည်း မောင့်မှာ တစ်အားတက်ရသည်။ သူ့အပေါ် အထင်မသေးစွာ ဆုံးမလာသည့် အတွက် ကျေးဇူးတင်မိသည်။

"မမကကော အနုပညာ ဝါသနာပါတယ် မဟုတ်လားဟင်"

မောင်၏အမေး။

"ပါပါတယ်၊ ဒါပေမဲ့ မမက အနုပညာနဲ့ပတ်သက်လို့ ဘယ်ဘက် ကမှ အကျိုးမပေးပါဘူး၊ တစ်ခုမှမစွံပါဘူး။ သီချင်းဝါသနာပါတယ်၊ အသံကမရဘူး။ စာရေးဖို့ ဝါသနာပါတယ်၊ မရေးတတ်ဘူး။ ဒီတော့ ဂီတဆိုရင် သူများဆိုတာ၊ တီးတာ နားထောင်ရုံပဲပေါ့။ စာဆိုရင်လည်း သူများရေးတာတွေသာ ဖတ်နေရတာပဲပေါ့။ ဒါထက် ငါ့မောင်ကလောင် နာမည်က ဘာတဲ့လဲဟင်"

မောင်က သူ့ကလောင်အမည်ကို ပြောပြလိုက်သည်။

"မမ အဲဒီနာမည်ကို မကြားဖူးဘူးမဟုတ်လား၊ မမြင်ဖူးဘူး မဟုတ်လား။ ကျွန်တော် စောစောက ပြောသလိုပေါ့၊ လောလောဆယ် မှာတော့ ကျွန်တော်ဟာ အညတရပဲ ရှိပါသေးတယ်"

မောင်သည် ဝန်ခံမယ့်သာ ခံရသည်။ စိတ်ထဲတွင်မူ ယင်းသို့

mgyoe.com

mgyoe.com

ဝန်ခံလိုက်ရသည့်အတွက် မိမိကိုယ်ကို များစွာ သိမ်ငယ်သွားသည်ဟု ထင်မိသည်။

များမကြာမီ မမက သူမ၏အိမ်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း ပြောသည်။

မမ,နေသည်မှာ နှစ်ထပ်အိမ်တစ်အိမ်၏ အပေါ်ထပ်ဖြစ်ပါသည်။ ပေအဝက်ခန့်မျှသာ ကျယ်ဝန်းမည် ထင်သည်။

"အိမ်ထဲကို လိုက်လည်ပါဦးလား" ဟု မမက ဖိတ်ခေါ်သည်။

"နေပါစေတော့၊ ကျွန်တော့်တစ်ကိုယ်လုံး မိုးတွေရွဲနေတယ်မဟုတ်လား၊ မမအိမ်ကို စိုကုန်ပါ့မယ်"

မောင်က ပြန်ပြောသည်။

"မမတို့အိမ်မှာ ယောက်ျားသနာမရှိတော့ ရေစိုတဲ့အဝတ်တွေ လဲဖို့ အဝတ် မပေးနိုင်ဘူး"

"ကိစ္စမရှိပါဘူးမမ၊ ဒါထက် ကျွန်တော် မနက်ဖြန်လာရင် မမကို ဘယ်အချိန်လောက်မှာ တွေ့ရမလဲဟင်"

"မနက်ဖြန်ညနေ သုံးနာရီ၊ လေးနာရီလောက်ဆိုရင် တွေ့နိုင်ပါတယ်"

"ဒါဖြင့် ကျွန်တော် မနက်ဖြန်လာခဲ့မယ် မမ"

"ကောင်းပြီ" မမက ဆိုသည်။ မောင်သည် မမကို သူမအိမ်ရှေ့တွင် ထားခဲ့ကာ ဆက်၍ လျှောက်ခဲ့သည်။ ခြေလေးငါးလှမ်းမျှသာ လျှောက်ရသေးသည်။ "ဪ... ဒါထက်" ဆိုသော မမ၏အသံကို ကြားရ၍ မောင့်ခြေလှမ်း တုံ့ရသည်။ မမဘက်သို့ လှည့်ကြည့်လိုက်မိသည်။

"ငါ့မောင် နာမည်အရင်းက ဘာလဲဟင်"

မမက မောင့်ကို လှမ်းမေးသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


"မောင်မောင်သွင်ပါ မမ"

မမသည် မောင့်အမည်ကို ပဲ့တင်ထပ်ကြည့်နေသည်။ မမေ့အောင် အခါခါ ရွတ်ဆိုနေသည်။

မောင်သည် မမအား ထားခဲ့ကာ ထွက်ခွာလာခဲ့ပါသည်။

* * *

mgyoe.com

mgyoe.com SAMPLE BOOK

(၂)

မမြင်သာတော့ပြီဆိုပေမဲ့၊ မတွေ့သာတော့ပြီဆိုပေမဲ့ မမကို မောင် မြင်တွေ့နေမိသလိုပင်၊ မျက်စိသူငယ်အိမ်မှာ မမ၏ရုပ်သွင် စွဲထင်နေသလိုပင်၊ နားမှာ မမအသံကို ကြားနေရသလိုပင်။

လမ်းကို ဆက်လက်လျှောက်လာသောအခါ မောင် အထီးတည်းသာ ဖြစ်သည်။ မောင့်တစ်ကိုယ်လုံး မိုးရေဖြင့် ရွှဲနစ်နေသည်။ တစိမ့်စိမ့် အေးလာသည်။

သို့ပေမဲ့ မောင်သည် မိုးရွာထဲတွင် ကြာမြင့်စွာ လျှောက်နေမိသည်။ မောင် စဉ်းစားသည်၊ မောင်တွေးသည်၊ မမနှင့်ပတ်သက်၍ စဉ်းစားမိတော့၊ တွေးမိတော့ မောင့်ရင်မှာ နွေးနေရသလိုပင်။

သို့နှယ်ဖြင့် မောင် အိမ်သို့ပြန်ရောက်တော့ ည ၁၁ နာရီ။

မောင် အိမ်သို့ပြန်ရောက်သည့်တိုင် ဖေဖေ မအိပ်သေး။ ပက်လက်ကုလားထိုင်တစ်လုံးမှာထိုင်လျက် စာတစ်အုပ်ဖတ်ရင်း မောင်ပြန်အလာကို စောင့်နေဟန်တူသည်။

မေမေ ဆုံးပြီးသည့်၏နောက်ပိုင်းတွင် ဖေဖေသည် မောင့်ကို ယခင်ကထက် ပိုမိုဂရုစိုက်လာလေသည်၊ ပိုမိုအရေးပေးလာလေသည်။


mgyoe.com

mgyoe.com SAMPLE BOOK

မောင်သည် သူ၏မွေးချင်းများအနက် အထွေးဆုံးဖြစ်သည်၊ အငယ်ဆုံးဖြစ်သည်။

မောင်တို့မိသားစု၌ မွေးချင်းလေးဖော်ရှိသည်။ အကြီးဆုံးမှာ အမျိုးသမီးဖြစ်သည်။ မမေသွင်ဟု ခေါ်သည်။ ထိပ်တန်းအရာရှိတစ်ဦး၏ ဇနီးဖြစ်နေသည်။ သူမအောက်မှာ အမျိုးသား ကိုကိုသွင်၊ ဝတ်လုံတော်ရ၊ ချမ်းသာကြွယ်ဝသော အမျိုးသမီးတစ်ယောက်နှင့် အိမ်ထောင်ကျနေသည်။ သူ့အောက်မှာ အမျိုးသမီးတစ်ယောက်၊ သူမသည် အိမ်ထောင်မကျသေး၊ နိုင်ငံခြားတွင် ဆေးပညာသင်ယူနေသည်။

အိမ်ထောင်ကျပြီးဖြစ်သော မမနှင့် ကိုကိုတို့သည် သီးခြား အိမ်ခွဲနေကြပြီဖြစ်ကာ မမငယ်ကလည်း နိုင်ငံခြားတွင် ရောက်နေခဲ့ပြီ။ အိမ်တွင် အငယ်ဆုံးဟူ၍ မောင်တစ်ယောက်သာ ရှိတော့သည်။ သို့ဖြစ်၍လည်း ဖေဖေက မောင့်အား ဂရုစိုက်လာခြင်းပင် ဖြစ်မည်ထင်ရသည်။

အငယ်ဆုံးပေမဲ့ မောင့်အသက် ၂၂ နှစ် ရှိလေပြီ။

ဖေဖေသည် အသက် ၂၀ တွင် မေမေနှင့် အကြောင်းပါခဲ့သည်။ နှစ်နှစ် တစ်ယောက်နှုန်းဖြင့် ကလေး လေးယောက် ရခဲ့သည်။

ဖေဖေ့အသက်မှာ ၅၀ နှစ်သာ ရှိသေးသည်။ သည်နှစ်ထဲတွင် အလုပ်မှ ပင်စင်ယူလိုက်သည်။ အစိုးရက ဖေဖေ့အား ဆက်လက်ခန့်ထားလိုသောဟန် တူသည်။ သို့ပေမဲ့ ဖေဖေသည် အစိုးရအလုပ်ကို လုပ်ရန် စိတ်မပါတော့ဟုဆိုကာ မရမက ပင်စင်ယူခဲ့ခြင်းဖြစ်သည်။ အသက်စေ့၍မဟုတ်ဘဲ လုပ်သက်စေ့သဖြင့် ပင်စင်ရခဲ့သည်။

ဖေဖေသည် လခထောင်ကျော်ရသော အရာရှိတစ်ဦး ဖြစ်ပါသည်။ နိုင်ငံရေးအစိုးရမင်းများလက်ထက်က ဝန်ကြီးများအထိ ပေါက်ရောက်သည်။ အစိုးရကချီးမြှင့်သော ဝဏ္ဏကျော်ထင်ဘွဲ့ကို ရသည်။ အစိုးရအပြောင်းအလဲဖြစ်လာသော ကာလတွင် ဖေဖေသည် နီးရာဓားကို

mgyoe.com

mgyoe.com SAMPLE BOOK

ကြောက်ရသော အစိုးရအလုပ်တွင် စိတ်ကုန်သွားခဲ့သည်ဟု ဆိုပါသည်။

အသက် ၅၀ နှစ်ဆိုသည်မှာ ဖေဖေ့လို ကျန်းမာသန်စွမ်းသော လူတစ်ယောက်အဖို့ များစွာအိုမင်းပြီဟု မပြောပလောက်ပေ။ ဖေဖေသည် ယခုတိုင်အောင် ဘိလိယက်ထိုးခြင်း၊ ဂေါက်ရိုက်ခြင်းများ၌ မကြာခဏ ဆုရနေသေးသည်။

ဖေဖေသည် သာသနာရေးနှင့်ပတ်သက်သော အသင်းအဖွဲ့များ၌ ဥက္ကဋ္ဌ၊ နာယက စသည့်နေရာများကို ရခဲ့သည်။ ဘုရားတစ်ဆူ၏ ဘဏ္ဍာတော်ထိန်းအဖွဲ့တွင် အတွင်းရေးမှူးဖြစ်သည်။ လောကီ၊ လောကုတ္တရာနှစ်ဖြာတွင် ဝင်ဆံ့သူတစ်ယောက်ဟုဆိုက ရပါသည်။

အခါတိုင်းညများကလိုပင် ဖြစ်ပါသည်။ ယနေ့ညတွင်လည်း ဖေဖေသည် မောင် အိမ်ပြန်နောက်ကျခြင်းနှင့် စပ်လျဉ်းကာ သတိပေးစကား ပြောသည်။ နောင်အခါ အိမ်ပြန်နောက်မကျရန် ပြင်းပြင်းထန်ထန် သတိပေးခံရသည်။ ကလေးငယ်တစ်ယောက်လို ဆူပူကြိမ်းမောင်းခံရတော့လည်း မောင်သည် ဖေဖေ့အပေါ်တွင် မကျေနပ်လှ။ သို့ပေမဲ့ ထမင်းဝိုင်းသို့ ဝင်အထိုင်၌ ငါးသလောက်ဟင်းကို ဖေဖေကိုယ်တိုင် အရိုးထွင်ပေးသည်ကို မြင်ရပြန်တော့ ဖေဖေ့ကို စိတ်မကောက်ရက်တော့ပေ။

စင်စစ်တွင် ဖေဖေသည် မောင့်ကို အထွေးဆုံးမို့ အချစ်ဆုံးဖြစ်လေသည်။ သို့တိုင်အောင် မောင်ကား ချစ်စရာကောင်းသောသားတစ်ယောက် မဟုတ်ခဲ့။

မောင်သည် အခြားညီအစ်ကိုမောင်နှမများနှင့်မတူ၊ သူတို့မိသားစုထဲမှ မွေးချင်းအားလုံးပင် လိမ္မာရေးခြား ရှိကြသည်၊ ရိုသေကျိုးနွံကြသည်၊ ပညာကြိုးစားသည်။ သို့ဖြစ်၍လည်း အားလုံးပင် ပညာတတ်များဖြစ်ခဲ့ကြလေသည်။

mgyoe.com

mgyoe.com

မောင်ကား လူဆိုးကလေး ဖြစ်ပေသည်။ တစ်ခါတစ်ရံ မိုက်တိမိုက်ကန်းနိုင်သည်။ ကျောင်းပြေးပြီလားဆိုလျှင် မောင်၊ လမ်းခါတ်မီးတိုင်များ၊ တစ်ပါးသူ၏ အိမ်ပြတင်းများကို လေးခွဖြင့်ပစ်ခွဲပြီလားဆိုလျှင် မောင်၊ အတန်းပိုင်ဆရာမ၏ တိုင်စာတွေ အိမ်မှာထပ်နေသည်မှာလည်း မောင်သာပင်။ ထို့ကြောင့်လည်း သူတို့မိသားစုထဲတွင် မောင်သည် 'သိုးမည်း' ဖြစ်နေလေသည်။

ယင်းသို့ ဖြစ်လာစေရန်လည်း မေမေက မောင့်ကို အလိုလိုက်သည်၊ အရေးပေးသည်။

မောင်သည် အသက်ရှစ်နှစ် မပြည့်မီကပင် အိမ်မှ နှစ်ကြိမ်တိုင်ထွက်ပြေးခဲ့လေသည်။ တစ်ကြိမ်မှာ မန္တလေးသို့၊ နောက်တစ်ကြိမ်မှာ ရှမ်းပြည်သို့။ အိမ်မှ ပထမအကြိမ်ပြေးစဉ်က မမလေး၏ လက်ဝတ်လက်စားအချို့ကို ခိုးယူသွားခဲ့သည်။ ယင်းပစ္စည်းများကို ရောင်းချစားသောက်၍ ကုန်လေမှ အိမ်သို့ပြန်သည်။ နောက်တစ်ကြိမ်တွင် မေမေ့စိန်နားကပ်တစ်ရန်ကို ခိုးယူခဲ့လေသည်။ ယင်းအကြိမ်တွင်မူ ကိုကိုကိုယ်တိုင် လိုက်လာလျက် အိမ်သို့ပြန်ခေါ်လာခဲ့သည်။

ယင်းနောက်တွင်မူ မောင် အိမ်မှ မပြေးတော့ချေ။

မောင်တို့မွေးချင်းထဲတွင် ရာဇဝင်မရှိပါဘဲလျက် မောင့်ကျမှ တက္ကသိုလ်ဝင်စာမေးပွဲကို သုံးနှစ်တိုင် ဆက်၍ဖြေရသည်။ နှစ်ကြိမ်ကျရှုံးပြီး တတိယအကြိမ်ကျမှ အောင်မြင်တော့သည်။

တက္ကသိုလ်ရောက်တော့ မောင် ရောဂါတစ်မျိုး ထလာပြန်သည်။ မောင်သည် ဝတ္ထုရေးသည်၊ ကဗျာစပ်သည်။ ဖြစ်ဖြစ်မြောက်မြောက် မရှိလှသေးပေမဲ့ မောင့်လက်ရာကို မဂ္ဂဇင်းများတွင် ကြိုးကြားကြိုးကြား တွေ့ရသည်။

မောင်သည် ကိုယ်ပိုင်မဂ္ဂဇင်းထောင်ရန် ရည်ရွယ်သည်။ သို့သော်

mgyoe.com

SAMPLE BOOK


ဖေဖေ့ဆန္ဒက ဝိဇ္ဇာတန်းလောက်တော့ အောင်စေချင်လျက်ရှိသည်။ သို့ဖြစ်၍ မောင် ကျောင်းဆက်တက်နေရသည်။ သို့တိုင်အောင် မောင့်ကို ကျောင်းသင်ခန်း၌တွင် တွေ့ရှိရန်မှာ လွန်စွာ ခဲယဉ်းလှပါသည်။

မနှစ်က မေမေ ဆုံးပါးသည်။

မေမေ ဆုံးသည်ဆိုခြင်းမှာ မောင့်အဖို့ ကမ္ဘာပျက်သည်နှင့် မခြားလှ။ အားကိုးအားထားပြုရာ မဏ္ဍိုင် ပြိုလဲသည်နှင့်တူပေသည်။

မေမေ ဆုံးပါးခဲ့ပြီးနောက် မောင်သည် အခါတိုင်းထက် တည်ငြိမ်လာသည်၊ ဣန္ဒြေရလာသည်။ ဤသည်ကို မြင်ရ၍ပဲထင်သည်။ ဖေဖေ ကိုယ်နှိုက်က မောင့်အပေါ် ဂရုတစိုက် ရှိလာခဲ့လေသည်။ သို့နှယ်ဖြင့် နှစ်အတန်ကြာ ပြတ်တောက်နေခဲ့သော သားနှင့် ဖခင်တို့ ဆက်ဆံရေးမှာ အထူးကောင်းမွန်လာသည်။

သို့ပေမင့် ရံခါတွင် မောင်သည် ဖေဖေက ဂရုတစိုက် အလေးတယူရှိခြင်းအပေါ် များစွာ စိတ်အနှောင့်အယှက်ဖြစ်ရသည်။ ဖေဖေက မောင့်အား ယခုတိုင် နို့ရည်မစင် မာန်မဝင်သေးသော ကလေးငယ်တစ်ယောက်လို ဆုံးမပဲ့ပြင်ခြင်း ပြုတတ်လေသည်။ ထိုအတွက် မောင့်မှာ မခံချိမခံသာ ရှိနေရခြင်းဖြစ်ရပါသည်။

ဖေဖေသည် သားသမီးများအပေါ် ဖခင်ကောင်းတစ်ယောက်ဖြစ်သော်လည်း မိခင်ပေါ်တွင်မူ ယောကျ်ားကောင်းတစ်ယောက် မဟုတ်ခဲ့ချေ။ မေမေသည် ဖေဖေနှင့်ပတ်သက်၍ မသေမီ လေးငါးနှစ်အထိ စိတ်အေးရသောရက် မရှိလှချေ။

ဖေဖေသည် သားသမီးများကို မချို့ငဲ့စေရ၊ အကောင်းဆုံးကျောင်းမှာ ထားသည်၊ ပညာကို ဆုံးခန်းတိုင်အောင် သင်ယူစေသည်။ သားသမီးများနှင့်စပ်လျဉ်းလျှင် ဆတ်ဆတ်ထိမခံတတ်။

သို့ပေမင့် မောင်တို့ လူမှန်းသိတတ်ခါစအရွယ်မှစကာ ဖေဖေ

mgyoe.com

mgyoe.com
SAMPLE BOOK


သည် မေမေ့အပြင် အခြားသောမိန်းမများနှင့် ကင်းကင်းရှင်းရှင်း မရှိလှချေ။ အစဉ်လို ရှုပ်ရှုပ်ထွေးထွေး ရှိခဲ့သည်။ အငယ်အနှောင်းထားသည်ဆိုကာ မေမေနှင့် တကျက်ကျက်...။

ဖေဖေသည် ထင်ထင်ပေါ်ပေါ်ယူသည်ကား မဟုတ်၊ လျှို့လျှို့ဝှက်ဝှက် ထားတတ်သည်။ တစ်ကြောင်းမဟုတ် တစ်ကြောင်းကြောင့် ပေါ်လာမှ ဝန်ခံတတ်သည်။

ယခုတော့လည်း ဖေဖေသည် များစွာ ပြောင်းလွဲလာခဲ့ပြီဖြစ်သည်။ ယခင်ကနှင့် များစွာ ခြားနားနေခဲ့ပြီဖြစ်သည်။

ထိုနေ့ညမှစတင်၍ နောက်ညများတွင်လည်း ဖေဖေသည် မောင့်အား ညစဉ် ညဉ့်နက်သည်အထိ စောင့်ဆိုင်းခဲ့ရလေသည်။ မောင်သည် အစဉ်လိုပင် အိမ်ပြန်နောက်ကျခဲ့သည်။

ဖေဖေ့ကိုတော့ ဂီတသင်တန်းတစ်ခု တက်နေသည်ဟု ညာခဲ့သည်။

စင်စစ်တွင်ကား မောင်သည် ညတိုင်းလိုလို မမ၏အိမ်တွင် ရှိနေခဲ့ခြင်းသာ ဖြစ်ပါသတည်း။

တကယ်တမ်း တွက်မည်ဆိုလျှင်လည်း မောင့်အဖို့ မမအိမ်တွင် ရှိချင်စဖွယ်ဖြစ်သည်။ မမသည် မောင့်အဖို့ မေမေ၏ ကိုယ်ခွဲဆိုလျှင်လည်း ဟုတ်သည်၊ မောင့်အဖို့ မိခင်ကိုယ်စားဆိုလျှင်လည်း မှန်သည်။

အကြောင်းမူ မမသည် မောင့်အား မေမေ့နှယ်ပင် ကြင်နာတတ်လှလေသောကြောင့်။

နောက်တစ်နေ့တွင် မမ ပြောခဲ့သောအချိန်၌ မမအိမ်သို့ မောင်ရောက်လာခဲ့သည်။

အိမ်တံခါးကို ဖွင့်လျက် ပွင့်ဟသွားသော တံခါးရွက်မှနေကာ မောင့်မျက်နှာကို မြင်လိုက်ရပြီဆိုလျှင်ပင် မမ၏မျက်နှာသည် အံ့သြ

mgyoe.com

m.gyoe.com
SAMPLE BOOK


ဝမ်းသာသည့် အရိပ်အသွင်များ လွှမ်းမိုးသွားသည်။

"ဪ... မောင်မောင်သွင်" မမနှုတ်မှ ယင်းသို့ အမည်ကို ရေရွတ်လိုက်သံ ကြားရသည်။

မောင့်ကို မမ မှတ်မိနေသည့်အတွက်လည်းကောင်း၊ အမည်ကို မေ့မပစ်သေးသည့်အတွက်လည်းကောင်း မောင့်မှာ ဝမ်းပန်းတသာ ရှိနေရသည်။

မမက မောင့်အား အိမ်အတွင်းသို့ခေါ်သည်၊ ဧည့်ခန်းကုလားထိုင်တွင် ထိုင်စေသည်၊ မမကိုယ်တိုင်လည်း မောင်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်ခဲ့ပေသည်။

မမသည် မှုန်နံ့သာ ခြယ်သထားခြင်းမရှိ၊ အဝတ်အဆင်မှာလည်း အိမ်တွင် နေ့တိုင်းဝတ်ဆင်လေ့ရှိသည့် အဝတ်အဆင်မျိုးကို ဝတ်ဆင်ထားသည်။

သို့ပေမင့် ယင်းသို့ မပြုမပြင် နေနေခြင်းကပင် မမ၏ ပင်ကိုအလှကို ထုတ်ဖော်ပြသနေဘိသည်သို့ ရှိသည်။

သည်ကနေ့ လင်းထင်းသော အလင်းရောင်တွင် အနီးကပ်ကပ် အမှတ်ထင်ထင် မြင်ရလေသောအခါကိုမှ မမ၏အလှမှာ မောင့်အတွက် အံ့သြချီးပ၍ မဆုံးနိုင်ဖွယ်ဖြစ်သော အလှအပမျိုးဖြစ်နေသည်ကို သတိထားမိသည်။

နှစ်သက်ဖွယ်လည်း ဖြစ်သည်၊ စုံမက်စွဲငြိဖွယ်လည်း ဖြစ်သည်။ တစ်နေကုန်အောင် ထိုင်ကြည့်နေဖို့ကောင်းသည့် အလှမျိုးကို မမ ပိုင်ဆိုင်ထားသည်။

"ညက မမ အိပ်ရေးပျက်ရတယ် မောင်မောင်သွင်"

မမက စကားဆိုသည်။ တစ်ဆက်တည်းမှာပင်...

"ဘာဖြစ်လို့လဲ သိလား" မေးသည်။

mgyoe.com

"ဘာဖြစ်လို့ အိပ်ရေးပျက်ရတာလဲ မမ..."

မောင်က ပြန်မေးမိပါသည်။

"မင်းရဲ့ဝတ္ထုကို ဖတ်နေလို့ပေါ့"

သည်စကားကို ကြားရတော့လည်း မောင် မပြုံးဘဲ မနေနိုင်။

"ကျွန်တော့်ဝတ္ထုက အဲဒီလောက် ကောင်းနေတယ်ပေါ့"

"ဒါပေါ့..."

မမစကားကို မောင် ရယ်မိပြန်သည်။

"တကယ်ပြောတာပါကွယ်၊ အမှန်ပြောရရင် အစက အထင်မကြီးလှပါဘူး၊ နောက်မှ ဖတ်ရင်းကနေ စိတ်ကို ဆွဲဆောင်သွားတယ်၊ လက်က မချနိုင်လောက်အောင် ဖြစ်လာတယ်။ ဒီလိုနဲ့ပဲ အဆုံးအထိ ဖတ်ဖြစ်သွားခဲ့တယ်"

မမက အတည်ပြောပါသည်။ မောင့်ကိုလည်း သူမအနေဖြင့် အတည်အကြည် ပြောခဲ့ခြင်းဖြစ်ကြောင်း ထင်စေလိုဟန်တူသည်။

"ကျွန်တော့်ဝတ္ထုနဲ့ပတ်သက်လို့ အချီးမွမ်းခံရတာ ဒီတစ်ကြိမ် ပထမပါပဲမမ။ မမဟာ ကျွန်တော့်ကို ပထမဆုံး ချီးကျူးတဲ့လူပဲ"

"မမအနေနဲ့ကလည်း လက်ရေးစာမူကို ဒီတစ်ကြိမ် ပထမဆုံး ဖတ်ဖူးတာပါပဲ။ ဖတ်ဖြစ်တဲ့နေရာမှာလည်း မင်းရဲ့လက်ရေးက လှနေတာကြောင့် ဖြစ်ပါလိမ့်မယ်"

မမတွင် မောင့်အား ချီးမွမ်းဖွယ်တွေ မကုန်နိုင်အောင် ရှိနေသည်။

ဝတ္ထုအကြောင်း ပြောကြတော့လည်း အရေးအသား၊ ဇာတ်ကွက် ဇာတ်လမ်းတွေကို ဝေဖန်နေပြန်သည်။

"ဇာတ်သိမ်းပိုင်းမှာ အဓိကဇာတ်ဆောင်နှစ်ယောက် မညားဘဲ ဇာတ်လိုက်လုပ်တဲ့လူ သေသွားတာကိုတော့ တယ်မကြိုက်ချင်ဘူး။ မကြိုက်ချင်ဘူးဆိုတာက မကောင်းဘူးလို့ပြောတာ မဟုတ်ပါဘူး။

mgyoe.com

SAMPLE BOOK


ဇာတ်လမ်းအရ သူက သေကို သေရမှာပဲမဟုတ်လား။ ဒါပေမဲ့ မမက စိတ်သိပ်ခိုင်တာမဟုတ်ဘူး။ အဲဒီဇာတ်သိမ်းကိုမြင်တော့ ငိုချင်လာတယ်၊ ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲဖြစ်လာရတယ်။ မမက ပျော်ပျော်ရွှင်ရွှင်အဖြစ်မျိုးကိုသာ ကြားချင်၊ သိချင်တာ၊ ဒါကြောင့်ပြောတာပါ"

သည်တွင် မမနှင့်ပတ်သက်၍ မောင် သတိထားမိသောအရာ တစ်ခု ရှိလာသည်။

၎င်းမှာ မမသည် စိတ်ဝမ်းမချမ်းမြေ့စရာများထက် စိတ်ဝမ်းပြန့်ပြူးဖွယ်ကို အလိုရှိသည်ဆိုသည့်အကြောင်းပင် ဖြစ်သည်။ ဤသည်မှာလည်း မမတွင် စိတ်ဝမ်းမချမ်းမြေ့ဖွယ်ဖြစ်ရပ်တို့ အကြိမ်ကြိမ်အခါခါ ဖြစ်ပျက်ပေါ်ပေါက်ခဲ့ဖူးသောကြောင့်ဟု ယူဆမိပါသည်။

မမ၏မျက်နှာကို ကြည့်မြင်ရသည်ပင် အကဲမရနိုင်။

ဘဝတစ်လျှောက်တွင် လောကဓံ၏ ထုထောင်းနှိပ်စက်မှုဒဏ်ကို အဖန်ဖန်အခါခါ ခံစားခဲ့ရသောကြောင့် မျက်နှာမှာ တင်းမာခြင်း၊ တည်ကြည်ခြင်း အရိပ်အသွင် လွှမ်းနေလေသလား။ မမ၏မျက်လုံးများမှာ စူးရှရွန်းလက်သော်လည်း တစ်စုံတစ်ခုသောအကြောင်းအရာအတွက် ဆွေးရိဖ်သန်းနေလေသလား စသည်ဖြင့် မောင် တွေးမိပါသည်။

မည်သို့ပင်ဖြစ်စေ အသက်အလျောက် အတွေ့အကြုံအမျိုးမျိုးကို မမ ကြုံတွေ့ခဲ့ရကြောင်းကား မျက်နှာတွင် ပေါ်လွင်နေသည်သာ ဖြစ်ပါသည်။

"ဝတ္ထုက ထုတ်ဝေမယ့်လူနဲ့ စပ်တုန်းပဲ ရှိပါသေးတယ် မမ၊ ထုတ်ဖြစ်မယ်၊ မထုတ်ဖြစ်ဘူးဆိုတာ မသေချာပါဘူး၊ အခုအနေမှာ ပြင်မယ်ဆိုရင် ပြင်လို့ရပါသေးတယ်"

မောင်က ယင်းသို့ဆိုပြန်တော့လည်း မမက ပျာပျာသလဲ လက်ကာသည်ပင်။

mgyoe.com

"ရှိပါစေကွယ်၊ ပြင်မပစ်လိုက်ပါနဲ့၊ သူ့အတိုင်းပဲ ရှိပါစေ။ မမက မမဖြစ်စေချင်တာကိုသာ ပြောတာပါ။ သဘာဝယုတ္တိအနေနဲ့ကတော့ ဒီအတိုင်းပဲ ရှိရမှာပေါ့။ မမက ပြောတာနဲ့ ပြင်လိုက်ရတယ်ဆိုရင် မကောင်းပါဘူး။ မင်းက အနုပညာကို ဖန်တီးတဲ့လူ၊ မမက အနုပညာကို ခံစားတဲ့လူ၊ အခြေခံချင်း မတူကြပါဘူး။ မင်းဖန်တီးတဲ့ အနုပညာအပေါ်မှာ မမက ခံစားရမှာပဲပေါ့။ ခံစားလို့ ရ၊ မရဆိုတာကတော့ မမရဲ့ အပိုင်းပဲ။ မင်းရဲ့အပိုင်းမှာ မမ ဝင်မရှုပ်ချင်ပါဘူး"

မောင်သည် မမကိုကြည့်ရင်းမှာပင် လေးစားလာခဲ့ရသည်။ မမ၏ စကားများသည် သူ့အတွက် အသိတစ်ရပ်ကို ညွှန်ပြနေသယောင် ထင်ရသည်။

"အတော်ပဲပေါ့... ငါ့မောင်နဲ့တွေ့ရတာ။ တစ်နေ့မှ... မမ အကြောင်းကို ပြောပြပြီး ဝတ္ထုရေးခိုင်းရမယ်။ မမအကြောင်းဟာ အကောင်းဆုံးဝတ္ထုတစ်ပုဒ်လိုပဲ သိလား"

ယင်းစကားကို မမက ရယ်ရွှန်းဖတ်ရွှန်းပြောသည်။ သို့ရာတွင် မောင်ကမူ မမအကြောင်းကို သိနေသူဖြစ်သည်နှင့်အညီ ယင်းစကား အပေါ်တွင် အလေးအနက်ထားမိသည်။

စင်စစ်တွင် မမနှင့်ပတ်သက်၍ မောင် တစ်ခုမျှ မသိရသေးပါကလား။

မမသည် အပျိုစင်စစ်တစ်ယောက် ဟုတ်သည်ဟူ၍ မောင် မပြောဝံ့ပါ။ မမ၏အသက်အရွယ်၊ မမ၏ကိုယ်ခန္ဓာ အနေအထားအရ အိမ်ထောင်မကျဖူးသူတစ်ယောက် ဟုတ်မည်မထင်။ မုဆိုးမလေလား၊ တစ်ခုလပ်လေလား။

မမ၏အိမ်တွင် အသက် ၄၅ နှစ်အရွယ် မိန်းမကြီးတစ်ယောက် ရှိသည်။ မမနှင့်ဆိုပါက အားလုံးပေါင်း နှစ်ယောက်သာရှိသည်။ အခြား

mgyoe.com

mgyoe.com SAMPLE.BOOK


သူ ရှိဟန်မတူ။

နေသောအိမ်ကလည်း နှစ်ထပ်ပျဉ်ထောင်အိမ်တစ်လုံး၏ အခန်းတစ်ခန်းတွင်သာဖြစ်ရာ လခများစွာ ပေးရပုံမပေါ်။

အိမ်ထောင်ပရိဘောဂများက သစ်လွင်ခြင်းမရှိ။ အိမ်တွင် အဖိုးတန်ပစ္စည်းပစ္စယ များများစားစားကိုလည်း မတွေ့ရ။ မမကား မောင်ထင်မှတ်ထားခဲ့သည်ထက်ပင် နွမ်းပါးပုံရလေသည်။ ဆင်းဆင်းရဲရဲဘဝဖြင့် အသက်မွေးဝမ်းကျောင်း နေခဲ့ရပုံပေါ်လေသည်။

မမကို ယင်းသို့ပုံစံဖြင့် မြင်တွေ့ရတော့ မောင်သည် များစွာ ကျွမ်းဝင်ခြင်း မရှိသေးပေမဲ့၊ ကိုယ်နှင့်မဆိုင်လှပေမဲ့ စိတ်မကောင်းနိုင်။

မမ၏အလှနှင့် မမ၏ဘဝမှာ အပ်စပ်ခြင်းမရှိဟု ထင်မိသည်။

ရင်းရင်းနှီးနှီး ရှိလာသောနေ့တွင် မမက ပြောမလာသည့်တိုင် ဖွင့်မေးမည်ဟု မောင် သန္နိဋ္ဌာန်ချသည်။ မမပြောသလိုပင် ဝတ္ထုရေးချင်လည်း ရေးမည်ပေါ့။

မမ၏အလှ၊ မမ၏အဝတ်အဆင်၊ မမ၏အပြောအဆိုတို့အရ မမသည် ယင်းဘဝမျိုးတွင် အခိုက်အတန့်အားဖြင့်သာ ရောက်ရှိနေခြင်းဖြစ်မည်ထင်သည်။ မည်သည့်နည်းနှင့်မဆို မြင့်မားသော ဘဝအခြေမှလာရသူ ဖြစ်ရမည်ဟု မောင် ထင်သည်။ အကြောင်းတစ်ခုခုကြောင့်သည်သို့နေထိုင်ရခြင်းသာ ဖြစ်ရပါမည်။

သည်တော့ မောင့်အဖို့ မမမှာ သာ၍ စိတ်ဝင်စားစရာ ကောင်းလာသည်။ မမဘဝကို သိရှိလိုစိတ်များ ပိုမိုပေါ်ပေါက်လာခဲ့ပါသည်။

"မမက မမဘဝကို ပြောပြမယ့်သာ ပြောတာ၊ ကျွန်တော်ဖြင့် အခုထက်ထိ မမရဲ့နာမည်ကိုတောင် မသိရသေးဘူး"

မောင်က ဆိုသည်။

"ဩော်... ဟုတ်ပါရဲ့၊ နာမည်ကို မပြောရသေးဘူးကိုး။ မမနာမည့်

mgyoe.com

mgyoe.com


က ခင်မမခိုင်ပါ။ ဒီနာမည်ကို မမတော့ သိပ်မကြိုက်လှပါဘူး။ ရင်းနှီးသူတွေက မမလို့ ခေါ်ဝေါ်သုံးစွဲတတ်တော့ မမဆိုတာ မမကို ခေါ်နေတာပဲလို့ ထင်နေခဲ့မိတယ်"

"ခင်မမခိုင်" မောင်သည် မမအမည်ကို ရေရွတ်ကြည့်လိုက်သည်။ "ခင်မမခိုင်... ကောင်းသားပဲမမရဲ့။ ဒီနာမည်ကို ကျွန်တော်တော့ နှစ်ခြိုက်မိတယ်။ ကျွန်တော့်အနေနဲ့ မမလို့ခေါ်တာ အစ်မတစ်ယောက်အနေနဲ့ ခေါ်တာပါ။ ကျွန်တော့်မှာ အစ်မနှစ်ယောက်လည်းရှိနေတော့ မမလို့ ခေါ်မိတာနဲ့ပတ်သက်လို့ နှုတ်ကျိုးနေသလိုပါပဲ။ ကျွန်တော့်မမတွေကနဲ့ တစ်အိမ်လုံးက ကျွန်တော့်ကို မောင်လို့ ခေါ်ကြတယ်မမ"

"မောင်ဆိုတာ ခေါ်ရတာလွယ်ပါတယ်။ မောင်မောင်သွင်ဆိုတာ ထက်စာရင် မောင်လို့ခေါ်ရတာက ပိုပြီးနှစ်ခြိုက်စရာကောင်းတယ်။ မင်းက အစ်မတွေကို မမလို့ခေါ်သလို မမကိုလည်း နှမတစ်ယောက်လို သဘောထားပြီး မမလို့ ခေါ်ခဲ့တယ်ဆိုတော့ မမအနေနဲ့လည်း မင်းကို ကိုယ့်မောင်အရင်းလို သဘောထားပြီး မောင်လို့ပဲ ခေါ်တော့မယ်နော်"

"ကောင်းပါတယ် မမ၊ ပိုပြီး ရင်းရင်းနှီးနှီး ဖြစ်ရတာပေါ့၊ ဟုတ်လား"

မမက ပြုံး၍ ခေါင်းညိတ်ပြသည်။

ယင်းအချိန်ကမှ မမက မောင့်ကို မောင်ဟု အစဉ်တစိုက် ခေါ်ဝေါ်သုံးစွဲသည်။ မောင်ကမူ သုံးစွဲရင်းအတိုင်း မမဟူ၍သာ ဆက်၍ခေါ်လာခဲ့ပါသည်။

သို့ဖြင့် မောင်နှင့် မမတို့ ပိုမိုခင်မင်ခဲ့သည်၊ ပိုမိုရင်းနှီးခဲ့သည်။

မမက မောင့်အကြောင်းမေးလာတော့ မောင်သည် မေမေ ဆုံးပါးခဲ့ပြီဖြစ်ကြောင်း ပြောပြခဲ့ပါသည်။ မည်သည့်အချိန်က ဆုံးပါးခဲ့ကြောင်းကိုကား မပြောမိ။ သည်တွင် မမက မောင့်မေမေ ဆုံးပါးခဲ့သည်မှာ

mgyoe.com

mgyoe.com SAMPLE BOOK

မောင် ငယ်စဉ်ကတည်းက ဖြစ်သည်ဟု ယူဆခဲ့ဟန်တူသည်။ မောင့်ကို မိတဆိုးကလေးအနေဖြင့် ကရုဏာသက်စွာ ကြည့်လာသည်။

မမ၏ ကရုဏာသက်မှုကို ခံယူလိုလျက်ရှိသော မောင်သည် မေမေ ဆုံးပါးခဲ့သော ရက်အတိအကျကို မပြောဘဲ နေလိုက်ပါသည်။ သည်အတိုင်းပင် နေလိုက်ပါသည်။

မောင့်ကို ကျောင်းသားတစ်ယောက်ဖြစ်ကြောင်း မမ ရိပ်စားမိပုံ ပေါ်သည်။ သို့သော် မောင်သည် ချမ်းသာကြွယ်ဝသူတစ်ဦး၏ သား တစ်ယောက်ဖြစ်သည်ဟူ၍တော့ ထင်မိပုံမရ။ စင်စစ် မောင့်အဝတ် အဆင်တို့ကလည်း ပလွှားခြင်းမရှိ။ မောင့်တွင် ရွှေဟူ၍လည်း တစ်ရွေး သားပင်မပါ။

ယောလုံချည်တစ်ပတ်နွမ်း၊ ပင်နီတိုက်ပုံ၊ တက်ထရွန်ရှပ်အင်္ကျီ အဖြူတို့မှာ မောင်၏ နှစ်ခြိုက်ဆုံးနှင့် ထာဝရဝတ်စုံသာ ဖြစ်လေသည်။

မောင့်အနေနှင့် သူ့တွင် အစ်ကို၊ အစ်မများ ရှိသည်ဆိုခြင်းထက် ပိုမို၍ သူ၏အကြောင်းကို ပြောမပြ။ မမက သူ့ကို သာမန်ကျောင်းသား တစ်ယောက်အနေနှင့် ထင်နေသည်ကိုပင် ကျေနပ်သည်။ မမတို့ အတန်း အစားထဲကဟုပင် ထင်စေချင်သည်။ မမနှင့် သူ့အကြားတွင် ငွေကြေး ပမာဏအားဖြင့် ကွာဟန်မရှိစေချင်။

သူ့အပေါ် ကြွယ်ဝသူတစ်ယောက်၏ သားသမီးအနေနှင့် ခင်မင် လာမည်ထက် နွမ်းပါးသူတစ်ယောက်အနေနှင့် ခင်မင်လာမည်ကို ပိုမို လိုလားလျက်ရှိပါသည်။

ထိုနေ့က မောင်သည် မမထံမှ စာမူကို ပြန်ယူခဲ့သည်။ ပြန်မည် လုပ်တော့မှ မမကိုယ်တိုင် မောင့်အား လှေကားရင်းအထိ လိုက်ပို့သည်။ လှေကားရင်းတွင် အတန်ကြာအောင်ရပ်ရင်း စကားပြောမိကြသည်။

မောင်က ပြောမိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"မမကို မြင်လျှင်မြင်ချင်းမှာပဲ ခင်မင်ပါတယ်။ ကျွန်တော်နဲ့ မမတို့ ခင်မင်မှုဟာ တဒင်္ဂမဟုတ်ဘဲ ထာဝရဖြစ်ချင်ပါတယ်။ ကျွန်တော့် တစ်သက်တာမှာ ခင်မင်တဲ့မိန်းကလေး များများစားစား မရှိပါဘူး။ အဲ... မမနဲ့လောက်လည်း ဘယ်သူနဲ့မှ လွယ်လွယ်ကူကူ မြန်မြန်ဆန်ဆန် မခင်မင်မိခဲ့ပါဘူး"

မောင်က အလေးအနက်ဆိုမိပေမဲ့ မမအတွက် မောင့်စကားမှာ များစွာလေးနက်ပုံမရ။ သို့သော် မမက အသိအမှတ်ပြုသည့်အနေဖြင့် ပြုံးပြပါသည်။

"မမကလည်း မောင့်ကို ခင်ပါတယ်ကွယ်။ မောင်ပြောသလို ထာဝရလည်း ခင်မင်ချင်ပါသတဲ့။ နောက် မမဆီကို လာလည်ပါ၊ လမ်းကြုံရင်လည်း မမအိမ်ကိုဝင်ပါ"

"မမအိမ်ရှေ့မှာ ချောင်းပေါက်လာရင်တော့ ကျွန်တော့်ကို အပြစ်မဆိုရဘူးနော်"

မောင်က ရယ်စရာပြောမိသည်။

"မတင်ပါဘူးတဲ့မောင်။ အမှန်ပြောရရင်တော့ မမအနေနဲ့လည်း လူတစ်ယောက်အပေါ် အလွယ်တကူနဲ့ လိုက်လိုက်လျောလျော ဆက်ဆံမိတာ ဒီတစ်ကြိမ် ပထမပဲ။ မောင်ဟာ ခင်မင်စရာကောင်းနေတာထက် မမစိတ်မှာ မောင်ဟာ မမအသိအကျွမ်းထဲက တစ်ယောက်ယောက်နဲ့ တူနေသလိုပဲ။ မောင့်မျက်နှာဟာ စိတ်မှာ မြင်ဖူး၊ တွေ့ဖူးတဲ့ မျက်နှာ တစ်ခုလိုပဲ။ ဒါပေမဲ့ ဘယ်သူနဲ့တူတယ်ဆိုတာ၊ ဘယ်တုန်းက မြင်ဖူး တွေ့ဖူးတယ်ဆိုတာ အခုအထိ တွေးလို့မရသေးဘူး။ ဘာပဲပြောပြော ပေါ့ကွယ်၊ မောင့်ကို မမ ခင်တယ်ဆိုရင် လုံလောက်ပြီပေါ့၊ ဟုတ်လား"

မမစကားအတွက် မောင့်မှာ ဆန်းကြယ်သလိုတော့ ရှိခဲ့ရသည်။

သို့ရာတွင် မမက ခင်မင်ပါသည်ဆိုသည်နှင့်ပင် သူ ကျေနပ်

mgyoe.com

mgyoe.com
SAMPLE BOOK


သည်၊ နှစ်သိမ့်သည်။

ပစ္စက္ခကာလ၌ သည်ဆန္ဒထက် ဘာတစ်ခုမျှ ပိုမိုမမျှော်လင့်မိရိုး အမှန်ပင်။

* * *

mgyoe.com

mgyoe.com SAMPLE BOOK

(၃)

မမအကြောင်းကို ပိုမိုနက်ရှိုင်းစွာ သိရှိလာရပြန်တော့လည်း မောင့်မှာ မကျေနပ်နိုင်သောအရာ၊ မနှစ်သက်နိုင်သောအရာ မြောက်မြားစွာ ရှိလာရသည်။

တစ်နေ့ မမအိမ်သို့ မောင် ရောက်ခဲ့ရသည်။

ထိုနေ့မှာ စနေနေ့။

အခါတိုင်းကဆိုလျှင် မမအိမ်သို့ မောင် တံခါးမရှိ၊ ဓားမရှိ ဝင်ထွက်သွားလာနေမြဲပင်။ ထိုနေ့မှာမူ အိမ်တံခါးကို အတွင်းမှ မင်းတုပ်ချထားကြောင်း တွေ့ရသည်။

တံခါးကို ခေါက်ခဲ့ပြီးနောက် လာဖွင့်ပေးမည့်သူ မရှိသောကြောင့် တံခါးဝမှာ ကြာမြင့်စွာ ရပ်နေခဲ့ရသည်။ ချောင်းကြည့်ပေါက်မှ ချောင်းကြည့်ခြင်း ခံရပြီးမှ တံခါးပွင့်လာပါသည်။

မမကို အိမ်ရှေ့ဧည့်ခန်းမှာ မတွေ့ရ။

"ဘယ်သူလဲ ဒေါ်မြနှစ်"

မီးဖိုခန်းဆီမှ မမအသံကို ကြားရသည်။

"မောင်မောင်သွင်ရယ်ပါ"

mgyoe.com

mgyoe.com

အဖော်မိန်းမ ဒေါ်မြနှစ်က လှမ်းပြောသည်။

"ဩော်... မောင်လား၊ ဒီကိုလာဟေ့"

သို့ဖြင့် မမရှိရာ မီးဖိုခန်းဘက်သို့ ဝင်လာခဲ့သည်။

ယင်းနေရာတွင် မမတစ်ယောက်တည်း ရှိနေသည်မဟုတ်။

လူခြောက်ယောက် စားပွဲတစ်ခုမှာ စုထိုင်နေကြောင်း တွေ့ရသည်။

သူတို့လက်ထဲမှာ ဖဲချပ်များရှိသည်။ စားပွဲပေါ်တွင် လောင်းကြေးငွေ အများအပြားကို တွေ့ရသည်။

သူတို့ဆိုရာတွင် အမျိုးသားသုံးယောက်နှင့် မမအပါအဝင် အမျိုးသမီးသုံးယောက်ဖြစ်သည်။ ငါးယောက်သည် ဖဲကစားနေကြသည်။ အမျိုးသမီးတစ်ယောက်ကမူ ဘေးမှ ထိုင်နေပေသည်။

ဖဲဝိုင်းကိုမြင်ရတော့ မောင့်ရင်မှာ စနိုးစနောင့် ရှိရသည်။ မမကိုယ်တိုင် ကစားနေသည်ကို မြင်ရလေလျှင် မောင့်ရင်မှာ ဝေဒနာတစ်ရပ်ကို ခံစားရသည်နှယ် ရှိနေပါသည်။

"လာဟေ့မောင်၊ ကစားတယ်မဟုတ်လား"

မမက မေးသည်။

မမနှင့် စတင်တွေ့ရှိရသည့်အချိန်မှစကာ ယခုအချိန်မတိုင်မီကလေးအထိ မမအသံသာသည် စွဲငြိဖွယ်ဖြစ်သည်ဟု ယူဆထားခဲ့သောမောင်သည် ယခုတစ်ကြိမ်တွင်မူ မမ၏အသံကို သာသည်ဟု မထင်၊ လွင်သည်ဟု မမှတ်။

မမ၏အသွင်အပြင်ကိုလည်း နှစ်ခြိုက်နိုင်ခြင်းမရှိ။

မမ၏လက်ထိပ်နှင့် လက်အောက်တွင် ယောက်ျားတစ်ယောက်စီရှိသည်။ မမကို ယောက်ျားနှစ်ယောက် ညှပ်ထိုင်ထားသည်ဟု ဆိုနိုင်သည်။

မမ၏လက်တစ်ဖက်၌ တစ်ဝက်အထိ တိုနေပြီဖြစ်သော စီးကရက်

mgyoe.com

ရှိသည်။ အခြားတစ်ဖက်တွင် ကြီးစဉ်ငယ်လိုက် အပွင့်စဉ်အလိုက် ယပ်တောင်သဖွယ် စီထားသော ဖဲချပ်များရှိသည်။

သည်စဉ်က မမမျက်နှာမှာ အဆီပြန်ကာ ပြောင်တင်းနေသည်ဟု ထင်ရသည်။ မျက်ဝန်းများကလည်း တစ်မျိုးတစ်မည်သော အဓိပ္ပာယ်ကို ဆောင်ယူကာ ရွှန်းလက်နေသည်ဟု ထင်သည်။

မောင်သည် ပထမဆုံးအကြိမ်အဖြစ် မမကို မုန်းတီးစိတ် ရင်မှာ ပွားလေသည်။

"မမနေရာမှာ ဝင်ကစားပေးပါလား မောင်။ မမ ဇက်ကြောတက်လာလို့ ခဏလှဲချင်လို့ပါ"

"ကျွန်တော် မကစားတတ်ပါဘူးမမ၊ ဝါသနာမပါဘူး"

မောင်သည် အသံပြတ်ဖြင့် ပြောလိုက်သည်။

"ဒါဖြင့်ရင် နွယ်နွယ်ပဲ မမဖဲကို ခဏကိုင်ပေးပါဦးကွယ်" ဆိုကာ မမ ထိုင်ရာမှထသည်။ "လာမောင်" ဟုဆိုကာ မောင့်ကို ဧည့်ခန်းသို့ ခေါ်လာသည်။

"ဒီကနေ့လောက် ဖဲသေတာတော့ တစ်သက်မှာ မကြုံဘူးကွယ်။ ထိုဇ်ကတည်းက တစ်လှည့်မှ မဒေါင်းဘူး။ တစ်ချပ်ကျန်၊ နှစ်ချပ်ကျန်လောက် ရောက်ပြီလားဆိုရင် သူများကချည်း ဒေါင်းတာပဲ"

မမက မကျေချမ်းနိုင်သလို ရေရွတ်သည်။

မောင်ကမူ မမအား ဘာမျှမပြောဖြစ်။ မျက်နှာကို အောက်သို့ငုံ့ကာ အကြည့်ကို ကြမ်းပြင်ပေါ်သို့သာ စူးစိုက်ထားမိသည်။

'ဒီကနေ့ မောင့်ကိုကြည့်ရတာ တစ်မျိုးပဲ။ ပြောစမ်းမောင်၊ မောင့်ရည်းစားနဲ့ စိတ်ဆိုးလာသလားဟင်"

မမက ယင်းသို့မေးလာမှ အကြည့်ကို မမမျက်နှာသို့ ပြောင်းလွှဲယူလိုက်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK

အဖြေကိုကား မပေးမိသေး။ သည်တွင် မမက ထပ်မံတိုက်တွန်းသည်။

"မမမေးတာကို ဖြေပါဦးမောင်"

"ကျွန်တော် ရည်းစားနဲ့ စိတ်မဆိုးခဲ့ပါဘူး။ စိတ်ဆိုးစရာ ရည်းစားလည်း မရှိပါဘူး။ စိတ်ထဲမှာ တစ်မျိုးပဲလေ၊ မမကို ဖဲဝိုင်းမှာ မြင်လိုက်ရတော့ တစ်မျိုးဖြစ်လာတယ်။ ကျွန်တော်က ဖဲကစားတတ်လိမ့်မယ် မထင်မိဘူး"

သည်တော့လည်း မမက မောင့်စကားကို ရယ်ပစ်လိုက်သည်။

"အလကားပါ မောင်ရာ၊ မမတို့ဝိုင်းက ကြေးမကြီးပါဘူး။ အပျော်သဘောလောက်ပါ၊ အပျင်းပြေပါ။ ဒီအတွက် မောင့်စိတ်မှာ အနှောင့်အယှက် မဖြစ်ချင်စမ်းပါနဲ့"

ထိုနေ့က မမ၏အိမ်တွင် ကြာကြာမနေဖြစ်၊ အမြန်ဆုံးပြန်ခဲ့သည်။

မောင့်မှာ စဉ်းစားစရာရလာသည်။

မမသည် သူ ထင်မှတ်ထားသည်ထက် အသိရခက်သော မိန်းမစားဖြစ်သည်ဆိုခြင်းကို တွေးမိသည်။ မမအကြောင်းကို သူ ကမှ အ,အထိ မသိစွမ်းနိုင်သေးသရွေ့ မမသည် သူ့အတွက် ပုစ္ဆာဆန်နေမည်မှာ သေချာသည်။

ရင်မှ မောလာရသည်။

တကယ်တမ်း တွက်မည်ဆိုလျှင် မမအပေါ် သူ သည်မျှအလေးအနက်ထားနေမိခြင်းမှာ အဓိပ္ပာယ်မရှိလှ။

မမနှင့် သူသည် မပတ်သက်ဘူးဆိုလျှင် ဘာမျှပတ်သက်စရာ အကြောင်းမရှိ။ ပတ်သက်ချင်သည်ထားဘိဦး၊ ဘာမျှ ပတ်သက်စရာ အကြောင်းမရှိပါပေ။ မမက တစ်ဘဝ၊ သူက တစ်ဘဝပင် မဟုတ်ပါလား။

mgyoe.com